# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်

ငါ့စကားကို ငါ တည်စေမည်။
ကာလ အချိန် ရောက်လျှင် သင့်ရှေ့၌
ငါ့စကား ပြည့်စုံလိမ့်မည်။ ယေ ၃၉း၁၆ခ

အမှတ်စဉ် (၁၁၃) ဇန္နဝါရီလ ၂၀၁၁ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)




### နှစ်သစ်နှင့်အတူ F. Penny (mizo)

နှစ်ဟောင်း ကုန်လို့၊ နှစ်သစ် မင်္ဂလာ ဆိုက်ရောက်လာခဲ့။
ပျော်ရွှင်နှစ်သစ်၊ ကြိုဆိုကာရယ်၊ နှစ်ဟောင်းရဲ့ အညစ်၊
ခွာကာ ချလို့၊မြန်ဆန်လွန်းလှ၊ အချိန်နှင့် ဒီရေ၊ လူကို မစောင့်ခဲ့။
အမှားကို သိ၊ အမှန်လမ်းပြင်၊ အပြစ်မရှိ၊ မိမိကိုယ်ကို၊
ထင်ယောင်နေဆဲ၊ အတ္တနှလုံးသား၊ တွေးတောကြံစည်၊ နှလုံးသားအညစ်၊
ဆေးကြောကာရယ်၊ သခင့် အသွေးတော်။ နှစ်သစ်နှင့်အတူ၊ ပြောင်းလဲ နှလုံးသား၊
အချိန် မနှောင်းခင်၊ သခင့်ရင်ခွင်သို့၊ လျှောက်လှမ်းကြစို့။

---



### သခင့်လာချိန်နီးပြီမို့ မလေး(ဂျူလိုင်)

ညောင်းရွက်လေချိ တနွေဆီဝယ်၊ လေစိုင်ဝဲလာ ယော်ရွက်ဝါက
လွှမ်းစရာတေးလေး ကမ်းခဲ့တယ်။
 ပန်းနံ့မွှေးအီ တမိုးဆီဝယ် ညီညာဖြန်းပက် အေးရေစက်က
 ကျမျက်ရည်များ ထားခဲ့တယ်။
နှင်းငွေ့ဝေသီ တဆောင်းဆီဝယ်။ မြူမှုန်ရောထွေး လေပြေသွေးက
ဆွေးစရာလေးတွေ ပေးခဲ့တယ်။
 ပြောင်းရွှေ့ခဲ့ပြီ သုံးရာသီမှာ ကိုယ့်မျက်ရည်တို့ ဝဲလို့ လျှံသည်
 သခင်လာချိန် နီးပြီသိလို့... ရည်မျှော်မှန်းပြီး ပြင်ဆင်ထားတယ်
 သခင့် အိမ်တော်ဆီဝင်နိုင်ဘို့ရယ် ...

---



### သခင့်စကား Samuel Soe Lwin

ဘာပဲပြောပြော ဒွိဟ မရောနဲ့၊ ယုံကြည်ကိုးစား သခင့်စကား၊
ဘာပဲဆိုဆို နှုတ်လှန်မငိုနဲ့ ၊ လက်တွေ့ယုံစား သခင့်စကား၊
ဘာပဲကြုံကြုံ ဦးလည် မသုန်နဲ့ ၊ လိုက်နာ လေးစား သခင့်စကား၊
သစ္စာသက်သက် ဖေါက်လွဲကင်းသည့် ၊ သမ္မာတရားနှင့် ယှဉ်သော သခင့်စကားပင်။

---



### "မျိုးစေ့" M.L (H.P.G)

ကျခဲ့မြေပေါ်၊ မျိုးစေ့ငယ် (တစ်စေ့) ပျက်စီးပျောက်ကွယ်၊ အမြင်မှာ
ပြုစုပေးတဲ့၊ သဘာဝတရားကြောင့် အချိန်တန်လာ၊ ဖူးပွင့်၊ သီးလာ.
 ယုံကြည်ခြင်းအတွက် စွန့်လွှတ်သူအသွေး မြေပေါ်ခပြီး၊ ဆုံးခဲ့လည်း
 သခင်ကျေးဇူး၊ ကတိတော်ကြောင့် ယုံကြည်သူ၊ မျိုးစေ့ဖြစ်လာ ..........
သခင့်အဘို့၊ ပေးကမ်းသောအရာ ဘယ်အရာမှ အချည်းအနှီးမဖြစ်
သခင့်အတွက်၊ စွန့်ခဲ့အသက်တာ အမြင်မှာဆုံးရှုံးသွားလည်း
ဒီဘဝအတွက် အသက်ချမ်းသာ သခင်ထားခဲ့၊ ကတိတည်ရာ ..........
 လူသည် ဘုရား၌ အသစ်ဖြစ်နေခဲ့ရင် ပိုင်ဆိုင်ဖို့ရန်အတွက် စွန့်လွှတ်သူဖြစ်လာ
 ဝိညာဉ်မျိုးစေ့၊ ကြဲခဲ့သူအတွက် ရိတ်သိမ်းခွင့်ကြုံရ၊ ရွှေပြည်တော်မှာ ဆုလဒ်များ။

---

### သခင့်ထံသို့ MSS (ရှမ်း/မြောက်) လားရှိုးမြို့

ငယ်စဉ်ကတည်းက နေပူ တောက်တောက် အရိပ်မဲ့အောက်မှာ
မြေကြီးနှင့် နပန်းလုံးခဲ့ရတယ်။
 ငယ်စဉ်ကတည်းက မိုးသည်းထဲမှာ အကာမရှိ လယ်ကွင်းထဲ ဆင်းလို့
 နွားနဲ့မခြား ရုန်းခဲ့ရတယ်။
ငယ်စဉ်ကတည်းက ပညာသင်ချိန်၊ ကျောင်းချိန်လွဲလို့ စကောပိုင်းကြီး
ခေါင်းပေါ်တင်ခါ အရပ်တစ်ကာလည်း လှည့်လည်ခဲ့ရတယ်။
 ဟော ......
အခုချိန်ထိ အဖေ့ဝေဒနာ အိပ်ယာပေါ်ကျ၊ မောင်ငယ် စရိတ်ထောက်ပံ့ဖို့ရာ

"စလုံး" မှာလည်း ကျွန်နဲ့မခြား ရုန်းနေရဆဲ - အရာရာတိုင်း ကျေးဇူးတော်
 ချီးမွမ်းချင်ပေမယ့် တစ်ခါတစ်ရံ မာရ်နတ်သွေးဆောင် ဖြားယောင်းမှု
 တွေ့ကြုံတိုင်း၊ ကိုယ်တော့်ကို အပြစ်တင် မေးခွန်းတစ်ခု မေးပါရစေ၊
 ကိုယ်တော်ပြောတော့ ကိုယ်တော့်သားသမီးတွေ မနာကျင်စေရဘူးဆို ---- ။

---

### ဘာသာပြန်ဆောင်းပါး Chit Lin Lay

ယောဟန် ၃း၁၆ ။ ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

အလွန် ချမ်းအေးပြီး နှင်းမုန်တိုင်းများ အဆက်မပြတ် တိုက်ခတ်လျှက် လမ်းဘေး ဓာတ်မီးတိုင် မှိန်မှိန်တို့၏ အောက်၌ရှိသော ချီကာကိုမြို့၏ ဆောင်းည တစ်ည။ အအေးဓာတ်တို့ တစ်စတစ်စ ပြင်းထန်လာပြီး ဖြစ်သဖြင့် လမ်းမ၌ လူ အသွား အလာ အလွန်ကျဲပါးလာပြီး ဖြစ်သော်လည်း လမ်းမထောင့် ဓာတ်မီးတိုင် အောက်၌ ဆင်းရဲသား ကလေးငယ်တဦး ကုတ်ကုတ်လေး ထိုင်ကာ သတင်းစာများ ဆက်ရောင်းနေသေးသည်။ ဆိုးရွားလှသော ရာသီဥတုဒဏ်ကြောင့် ယခင်နေ့များကဲ့သို့ သတင်းစာများကို ကြိုးစား၍ကုန်အောင် မရောင်းနိုင်ချေ။ မေးခိုက်ခိုက် တုန်အောင် ချမ်းလှသော ဒီဆောင်းတစ်ည အတွက် နွေးထွေးသော နေရာတစ်ခု၌ တစ်ညတာ အနားယူနိုင်ဘို့ တွေးတောရင်း ခပ်လှမ်းလှမ်း၌ ရပ်နေသော ရဲသားကြီး တစ်ဦးဆီသို့သွားကာ - ရဲသားကြီးခင်ဗျား၊ ဆင်းရဲနုံခြာလှ တဲ့ ကျွန်တော့် အတွက် တစ်ညတာ အိပ်စက်နားခိုနိုင်ဘို့ အနွေးဓာတ်ကလေး ရနိုင်မဲ့ နေရာလေး တစ်ခုလောက် ရှိရင်သိခွင့်ပြုပါလား။ မဟုတ်ရင်တော့ ဟိုလမ်းထောင့် နှင်းတောထဲက သေတ္တာ ပုံးပေါ်မှာ အိပ်ရတော့မယ်။ ကျေးဇူးပြု၍ ကူညီပါခင်ဗျား။ ရဲသားကြီးသည် ထို ကလေးငယ်အား သေချာစွာ ကြည့်လိုက်ပြီး`ကဲ မင်းကို ယောဟန်၃း၁၆ သင်ပေးမယ် ပြီးရင်။ ဟိုးအဝေးက မြင်နေရတဲ့ အိမ်အဖြူကြီးဆီကို ဒီလမ်းလေးအတိုင်း ဆင်းသွားရင် ရောက်လိမ့်မယ်။ ဟို ရောက်ရင် တံခါးကို ခေါက်။ အထဲက လူထွက်လာရင် ယောဟန် ၃း၁၆ကို ဆိုပြလိုက်၊ ဒီလိုဆိုရင် သူတို့က မင်းကို အထဲဝင်ခွင့်ပြုလိမ့်မယ်။ ရဲသားကြီး ပြောတဲ့အတိုင်း ထိုလူငယ်လေးလည်း အေးစက်နေသော လက်အစုံနဲ့ တံခါး သွားခေါက်တယ်။ အထဲက အမျိုးသမီး တယောက် ထွက်လာလို့ ယောဟန် ၃း၁၆ကို ဆိုပြလိုက်တာနဲ့ အထဲကို ဝင်ခွင့် ပြုပြီး မီးဖိုကြီးတစ်ခုရှေ့မှာ ရှိတဲ့ကျောက် ထိုင်ခုံ တစ်ခုပေါ်မှာ ထိုင်စေပြီး မီးလှုံစေကာ သူမ ပြန်လှည့် ထွက်သွားတယ်။ လူငယ် လေးလည်း မီးဖိုရှေ့မှာ နွေးထွေးစွာထိုင်ရင်း ထူးခြားလှတဲ့ ယောဟန်၃း၁၆ရဲ့ အကြောင်းကို စဉ်းစားနေမိတယ်။ တယ်လည်း ထူးဆန်းပါလား၊ ယောဟန် ၃း၁၆ နဲ့ ဒီအိမ်က လူတွေနဲ့ ဘယ်လိုများ ပတ်သက်မှုရှိလဲ၊ ဘာဘဲဖြစ်ဖြစ် နှင်းတောထဲမှာ မေးခိုက်ခိုက် တုန်ပြီး ချမ်းနေအောင်နေရမဲ့အစား ငါ့ကိုလုံခြုံနွေးထွေးတဲ့ နေရာ တစ်ခုရဘို့ ဖန်တီး ပေးနိုင်တဲ့ အစွမ်း ရှိပါလား လို့ တွေးနေမိတယ်။

ခဏကြာတော့ ထိုအမျိုးသမီးကြီး ပြန်ရောက်လာပြီး နွေးထွေးတဲ့ အပြုံးနဲ့ လူလေး ဗိုက်ဆာနေလား။ ဟုတ်ကဲ့ ကျွန်တော် အစာ မစားရတာ နှစ်ရက်ရှိပြီမို့ စားခွင့် ရှိရင် အနည်းငယ် စားချင်ပါတယ်။ ထိုအခါ အမျိုးသမီးကြီးသည် အသီးအနှံ၊ အစား အသောက် အပြည့်ပြင်ဆင်ထားသော မီးဖိုချောင်ရှိ စားပွဲကြီး တစ်ခု ဆီသို့ ဦးဆောင် ခေါ်သွားကာ စိတ်ကြိုက်စားစေတယ်၊ လူငယ်လေးလည်း ယောဟန်၃း၁၆ကို သေချာစွာ နားမလည်ပေမဲ့။ မှန်ကန် သေချာနေတာကတော့ ဆာလောင် မွတ်သိပ်နေတဲ့ ငါ့ကို တစ်သက်လုံး တစ်ခါမှ မစားဘူးတဲ့ ကောင်းမွန်အရသာ ရှိတဲ့ အစား အသောက်တွေနဲ့ ဝမ်းပြည့်ဝစေတယ်၊ ကျေးဇူးတင်တယ်။ ယောဟန်၃း၁၆ ရယ်။ အစာ စားပြီးနောက် ရေပူရေအေး အချိုးကျ ရောစပ်ထားပြီး မွှေးကြိုင်သော ဆပ်ပြာ ရနံ့ သင်းထုံနေသော အိမ်ပေါ်ထပ်ရှိ ကြွေရေကန်၌ စိတ်တိုင်းကျ ရေချိုးစေတယ်၊

လူငယ်လေးလည်း ရေထဲ၌ စိတ်တိုင်းကျ ဖိမ်ရှိရှိ ရေစိမ်ရင်း တွေးနေမိတယ်။ အံ့သြရပါလား။ အိမ်မက် မက်နေသလိုဘဲ၊ ယောဒ်ၵ၁၆ကို ရေရေလည်လည် မသိပေမဲ့ အဖြေ တစ်ခုကတော့ နံပေါင်ညစ်ပတ်နေတဲ့ ငါ့ကိုတကယ်ဘဲ သန့်ရှင်းပေးနိုင်တယ်။ ကျေးဇူးတင်လိုက်တာ ယော ၃း၁၆ ရယ်။

ထိုအမျိုးသမီး ပြန်ရောက်လာပြီး သန့်ရှင်းသစ်လွင်သော အဝတ်အစားများ ပေးကာ၊ နူးညံ့လှတဲ့ မွေ့ယာ၊ စောင်၊ သန့်သန့်ပြန့်ပြန့် ပြင်ဆင်ထားသော အိပ်ခန်းတစ်ခုထဲသို့ ခေါ်ဆောင်သွားကာ ကြမ်းရှရှ ပါးပြင်ကို ညင်သာစွာ နမ်းရင်းက ကောင်းသော ညပါ။ လူကလေး ရေ။ ဟုပြောကာ မီးပိတ်ရင်း အခန်းထဲမှ ထွက်ခွာသွားသည်။ လူကလေးဟာ ဖိမ်ရှိလှတဲ့ မွေ့ယာထက်မှာ လှဲလျောင်းရင်း အပြင်ဘက်ကို လှမ်းကြည့်လိုက်တယ်။ ``အိုး... အပြင်မှာ နှင်းမုန်တိုင်းတွေ တအား ပြင်းထန် နေပါလား``အကယ်၍ ငါသာ ယောဒ်ၵ၁၆ ကိုမရခဲ့ရင် ဒီည ငါ့ဘဝက မတွေးရဲစရာဘဲ၊ ဘာဘဲဖြစ်ဖြစ် ယောဒ်ၵ၁၆ က အစာငတ်ပြီး နေစရာ မရှိတဲ့ ငါ့ကို ကြောက်စရာ ကောင်းတဲ့ နှင်းမုန်တိုင်းက ကာကွယ်ပြီး သာယာ နွေးထွေးတဲ့ အိပ်ရာထဲထိ ပို့ဆောင်တဲ့ တန်ခိုး ရှိတယ်။ မိုးလင်းတဲ့အခါ ထို အမျိုးသမီးကြီးက မနေ့ညက စားခဲ့ဖူးတဲ့ စားပွဲကြီးဆီ ခေါ်ဆောင်သွားပြီး အစားအစာတွေ စားစေပြန်တယ်။ ပြီးမှ မီးဖိုရှေ့ ထိုင်ခုံဆီသွားကြပြီး၊ နူးညံ့သိမ်မွေ့သော လေသံဖြင့် ``ယောဒ်ၵ၁၆ ကို မင်း နားလည်သလား`` ကျွန်တော် နားမလည်ပါဘူး၊ လွန်ခဲ့တဲ့ ညက ရဲသားကြီးတစ်ဦးက ဒီ ယောဒ်ၵ၁၆ ကိုသင်ပေးပြီး အသုံးပြုဘို့ပြောလို့ဘဝမှာ ပထမဆုံး ကြားခဲ့ရခြင်း ပါ။``ထို့နောက် အမျိုးသမီးကြီးက ကျမ်းစာအုပ် ဖွင့်ကာ ယော ၃း၁၆ရဲ့ နက်နဲတဲ့ အကြောင်းနဲ့ ယေရှုဘုရား အကြောင်းကို သေချာစွာ ရှင်းပြလိုက်တယ်။ ထိုအချိန် မှာပင် လူငယ်လေးသည် မီးဖိုရဲ့ရှေ့မှာဘဲ ယေရှု ဘုရားကို ကယ်တင်ရှင်နှင့် သခင် အဖြစ် နှလုံးသားနှင့် ဘဝ တစ်ခုလုံးမှာ ယုံကြည်လက်ခံ လိုက်တယ် တကယ်တော့ ယောဒ်ၵ၁၆ က ပျောက်ဆုံးနေတဲ့ ငါ့ဝိညာဉ်ကို လုံခြုံစိတ်ချမှု ပေးလိုက်တာဘဲ။ ငါ့ စိတ်တွေ ရှုတ်ထွေးနေဆဲပါလား။ အဘဘုရား သခင်ဟာ သူ့ရဲ့ အချစ်ဆုံး သားတော် ယေရှုကို ဤလောကသို့ စေလွှတ်ပြီး အပြစ်ရှိတဲ့ ငါတို့အတွက် ဘာကြောင့် အသေခံစေတာလဲ။ ယေရှုဘုရားဟာလည်း ဘာဖြစ်လို့များ ဒီကိစ္စကို လက်ခံခဲ့တာလဲ။ လှောင်ပြောင် ဟားတိုက် ရယ်မော ပြက်ရယ်ပြုခံပြီး မရှုမလှ ခံစားကာ ပြင်းထန်တဲ့ ဝေဒနာတွေကို ကြိတ် မှိတ်ကါ ခံစားရင်း အသေခံခဲ့တဲ့ ယေရှုဘုရားကို ကြည့်ပြီး ကောင်းကင် ဘုံက အဖဘုရားနဲ့ ကောင်းကင်တမန်တွေ ဘယ်လောက်ထိအောင် ပူဆွေး သောက ရောက်ကြမလဲ။ ယေရှုရဲ့ ဝေဒနာတွေကိုကြည့်ရက်နိုင်ပါ့မလား။

အသက်တော် စွန့်သည့်တိုင်အောင် နောက်ဆုံးအချိန်နာရီ အထိ ဘာကြောင့် ငါတို့ကို ချစ်တာလဲ။ ဘာကြောင့်များ လူသားတွေအပေါ် စိတ် မနာနိုင်တာလဲ။ ဘာကြောင့် မေတ္တာ ကြီးမားရတာလဲ။ သေချာတာကတော့ ဒီလို ပေးဆပ် မှုတွေဟာ တို့လူသားတွေကိုဘယ်လောက်ချစ်တယ် ဆိုတာရယ်။ ဖန်ဆင်း ထားတဲ့ လူသား တွေရဲ့ အသက်ကို ဘယ်လောက် တန်ဘိုးထားတယ်ဆိုတာ ထင်ထင် ရှားရှား တွေ့မြင်ရတယ်။ တို့တတွေအားလုံး ရွှေပြည်တော်မှာ ထာဝရ ပျော်ရွှင် စံမြန်းနိုင်ဘို့အတွက် ဆိုတာ သေချာသွားပြီ။ ။

(ဝန်ခံချက်။ Internet မှရေးသူနာမည် မပါသော ဆောင်းပါးအား ဆီလျှော်စွာ ဘာသာပြန် ဆိုပါသည်။။) Chit Lin Lay

--------------------------------------------------------------------------------

## ``ဖန်းဆင်းရှင်နှင့် ဘယ်လိုတော်သလဲ´´

`အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏´ က ၁း၁

`အစအဦး၌ နှုတ်ကပတ်တော်ရှိ၏ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော် မူ၏´ ယော ၁း၁ ဒီကျမ်းချက်များကို ကြည့်ခြင်းအားဖြင့် နှုတ်ကပတ်တော်ဟာ ယနေ့ ယုံကြည်သူများကို ဘုရားသခင် စကားပြောနေခြင်းပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော် ကို စေ့စေ့ဖတ်မှသာ တနေ့တာ ဘုရားသခင် ဘာလုပ်ခိုင်းသလဲ ဆိုတာကို သိပြီး ဘုရားသခင်နှင့် အပြန်အလှန် ဆက်သွယ်ခြင်းဖြစ်ပါသည်။

လူသား အားလုံးရဲ့ အဖေဟာ ဘုရားသခင်ပဲဖြစ်ပါတယ်။ လု 3း27 အာဒံရဲ့ ဘုရား စကား နား မထောင်ခြင်းကြောင့် ဘုရားသခင်နှင့် အဆက်အသွယ် ပျက်သွားခဲ့ပေမဲ့ ဘုရားသခင်ရဲ့ တဖက်သတ် မေတ္တာအားဖြင့် သူဖန်ဆင်းတဲ့ လူအားလုံးကို ဂိညာဉ် ငရဲသို့ မသွားရစေပုံကို ဘုရားရဲ့ လုပ်ဆောင်မှုက ကျမ်းစာ၌ ``မိမိ၌ တစ်ပါးတည်းသော သားတော် ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏´´ ယော 3း16 သခင်ခရစ်တော် မိသဟာရ ဖွဲ့ခွင့်နှင့် ပြန်လည် ဆက်သွယ် နိုင်ခွင့် ရှိခဲ့ပါတယ်။ သားသမီး နေရာနဲ့ အရိုက်အရာကိုလည်း ပြန်လည် ရရှိပါတယ်။

ဒါကြောင့် ဘုရားသခင်က ``ဘုရားသခင်၏ ဂိညာဉ်တော် ဆုံးမ ပဲ့ပြင်တော်မူသမျှသော သူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏´´ ရော 8း4 ဘုရားသခင်ရဲ့ သားသမီးများ ဖြစ်တဲ့အတွက် ဘုရားသခင်ဟာ အမြဲတမ်း ဆုံးမနေပုံက ``ထာဂရ ဘုရားသည် ချစ်တော်မူသောသားကို ဆုံးမတော်မူ၏။ နှစ်သက်တော်မူသော သူကို ဒဏ်ခတ်တော်မူ၏´´ သု 3း12

ဣသရေ လူမျိုးတွေရဲ့အပေါ်မှာ ဘုရားသခင်က ကောင်းကြီးမင်္ဂလာ ဘယ်လောက် ပေးပေး၊ နိမိတ်လက္ခဏာ ဘယ်လောက်ပြပြ သူတို့ရဲ့ စိတ်နှလုံးဟာ ခိုင်မာပြီး အမြဲတမ်းဖောက်ပြန်တဲ့အတွက် ဘုရားသခင်ရဲ့ဆုံးမတော်မူခြင်း၊ မေတ္တာဟာ ကျမ်းစာ၌ ``သင်တို့ကို ဖန်ဆင်းသောသူသည် သင်၏လင် ဖြစ်တော်မူ၏။ နာမတော်ကား ကောင်းကင် ဗိုလ်ခြေ အရှင်ထာဂရဘုရားတည်း။ သင့်ကို ရွေးနှုတ်သော ဣသရေလ အမျိုး၌ သန့်ရှင်းသော ဘုရားဖြစ်တော်မူ၏။ မြေကြီးတပြင်လုံးကို အစိုးရသော ဘုရားဟူ၍ ခေါ်ရကြ၏´´ ဟေ 54း5 ကျွန်မတို့နှင့်လည်း ဘုရားသခင်ဟာ ခင်ပွန်းသည် ကဲ့သို့ ရင်းနှီးမှုမျိုး၊ ပွင့်လင်းမှုမျိုး အပြန်အလှန် အလိုရှိနေခြင်း ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ အသက်တာမှာ ဒီနေ့ဘုရားနဲ့ သွားလိုက် နောက်နေ့ ကိုယ့်ဟာကိုယ် နေလိုက်နဲ့ နေရင်း ဒုက္ခဆင်းရဲ၊ အခက်အခဲနဲ့တွေ့တဲ့အခါကြတော့ ဘုရားကို တမ်းတကြပါတယ်။ ဒါကို ဘုရားသခင်က ``သင့်ကို စကားမျှသာ ငါစွန့်သည်ဖြစ်၍ များစွာသော ဂရုဏာနှင့် တဖန် သိမ်းဆည်းဦးမည်။ ပြင်းစွာသော အမျက်ထွက်၍ ခဏမျှ ငါမျက်နှာ လွှဲသော်လည်း ထာဂရ မေတ္တာနှင့် သင့်ကို ကယ်မ သနားဦးမည်။´´ ဟေ 54း7-8 ဘုရားသခင်ဟာ ကျွန်မတို့ အပေါ်မှာ ဘယ်လောက် မေတ္တာကြီးမားသလဲ ဆိုတာကို သိနိုင်ပါတယ်။ ဘုရားသခင်ဆီမှာ ကျွန်မတို့ လိုအပ်ချက်များကို ဆုတောင်းကြပါတယ်။ ရရင် ကျေးဇူးတော် ချီးမွမ်းခြင်း၊ မရရင် စိတ်ဆိုးတတ်ကြပါသေးတယ်။ မိတ်ဆွေနဲ့ တန်တဲ့အရာ၊ အချိန်တန်ရင် ဘုရားက ပေးမှာမို့ ခဏ စောင့်ပါလို့ ပြောထားခြင်း ဖြစ်ပါတယ်။ တခါတလေ လုံးဂ မရတာမျိုး ကျရင် ဒီအရာဟာ ငါနဲ့မထိုက်တန်လို့ ငါရဲ့ ခင်ပွန်းသည် လို့သမုတ်ခြင်းခံတဲ့ ဘုရားသခင်က မပေးတာ ပါလားဆိုပြီး ကျေးဇူးတော်ချီးမွမ်းဖို့ပါ။

သန့်ရှင်းသော ဂိညာဉ်တော်ဟာ ကျွန်မတို့ရဲ့နှလုံးသား ကုလားထိုင် မှာ ထိုင်ပြီး ခင်ပွန်းသည် အနေနဲ့ အုပ်စိုးမှုကို ပေးချင်တဲ့ နှုတ်ကပါတ်တော်က ``ထိုကာလ၌ သင်သည် ငါ့ကို သခင်ဟူ၍ မခေါ်ရ၊ ခင်ပွန်းသည်ဟု ခေါ်ရမည်´´ ဟောရှေ 2း16။ ဘုရားသခင်ဟာ ကျွန်မတို့နဲ့ ဘယ်လောက် ရင်းရင်းနှီးနှီး နေချင်သလဲဆိုရင် အထက်ပါ ကျမ်းစာများကို ဆင်ခြင်ခြင်းအားဖြင့် ``ထာဂရဘုရားနှင့် အကျွမ်းဂင်၍ မိသဟာရဖွဲ့လော့ ထိုသို့ ပြုမှ ကောင်းစာခြင်းသို့ ရောက်လိမ့်မည်။ ယောဘ 21း22

လောကရဲ့ ခင်ပွန်းသည်ဟာ မိတ်ဆွေရဲ့ အသက်တာမှာ စားဂတ်နေရေး ကိစ္စ အဂဂကို တာဂန်ယူထားပေးသလို ကောင်းစားမှုကိုပေးလိုကြပါတယ်။ ဒါကြောင့် မိတ်ဆွေတို့ရဲ့ အသက်တာ မှာလည်း ခင်ပွန်းသည်တို့ကို အားကိုးသလို ဘုရားကို အားကိုးဖို့၊ ခိုလှုံဖို့၊ ဘုရားရဲ့ မျက်နှာကို စေ့စေ့ ကြည့်ပြီး သူပြောသော စကားကို နားထောင်ရန် ဖြစ်ပါတယ်။ မိတ်ဆွေ အသက်တာမှာ ဘုရားသခင် လိုချင်တဲ့ အချက်နှစ်ချက်က။ (၁) ခင်ပွန်းသည်ကဲ့သို့ ရင်းနှီးမှု အုပ်စိုးခြင်းကို နေ့စဉ် ဝန်ခံခြင်း။ (၂) သားသမီးကဲ့သို့ နာခံမှု၊ လိုက်နာမှု မျိုးကို ဘုရားသခင်က အလိုရှိပါတယ်။ ဘုရားသခင်ရဲ့ မေတ္တာကို သိ၍ အကြွင်းမဲ့ အားကိုးနိုင်ကြပါစေ။ အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ (မာရာနသာ နီနီခိုင်)

--------------------------------------------------------------------------------

## ``သက်သေခံချက်´´ (ဒီဇင်ဘာနှင်း)

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် HOME တခုမှာ အလုပ်လုပ်ခွင့် ရပါတယ်။ ကျွန်မ ရောက်ရောက်ချင်း ဒီ HOME မှာ Promotion ရဖို့ မလွယ်ဘူးလို့ ပြောကြတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ဘုရားသခင် မတတ်နိုင်တာ မရှိ၊ ဘုရားသခင် လုပ်ရင် မဖြစ်နိုင်တာ မရှိဘူး ဆိုတာ ယုံကြည်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ S'Pone ရောက်ဖို့ထိ တာဂန်ယူပေးတဲ့ ဘုရားသခင်က အဆုံးထိ တာဂန် ယူမှာဘဲဆိုတဲ့ စိတ်ချမှုရှိတယ်။ အဲဒါနဲ့ မထင်မှတ်ဘဲ ကိုယ့်ထက် Junior တွေ တစ်ယောက်ပြီး တစ်ယောက် စာမေးပွဲဖြေပြီး Promotion ရကြတယ်။ ထင်တာထက် မြန်သွားတယ်၊ ကိုယ်အလှည့် ရောက်တော့မယ်ဆိုပြီး စိတ်အေးလက်အေး နေနေတဲ့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၃ ။ ဇန္နဝါရီလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အချိန်မှာ၊ တနေ့ကျတော့ Boss ကပြောတယ်။ ဒီ HOME မှာဘယ်သူမှ စာမေးပွဲ ဖြေခွင့် မပေး တော့ဘူး၊ Vacancy ရှိရင်တောင် Promotion မပေးနိုင်တော့ဘူး၊ S'Pore မှာ ကြာကြာနေချင်ရင် (ITE) ကိုယ့်စရိတ်နဲ့ကိုယ် တက်တဲ့။ အဲဒါဘဲ Chance ရှိတော့တယ်လို့ ပြောတော့ အရုပ်ကြိုးပြတ် သလို ခံစားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့် အလုည့်ကျမှ ဒီလိုအပိတ်ခံရတယ်။ စာချုပ်ကလည်း မကြာခင် ပြည့်တော့မယ်။ (ITE) တက်ရင်လည်း ပိုက်ဆံကုန်၊ လူပင်ပန်း၊ တိုးတက်မှုမရှိ ဆိုတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ အခန်းထဲရောက်တော့ Uniform တောင် မလဲနိုင်၊ သူငယ်ချင်း တွေနဲ့ ဆွေးနွေး၊ မျှော်လင့်ချက် မရှိတော့ဘူးလို့ ခံစားရတဲ့ အချိန်မှာ ဘုရားသခင် ကျွန်မကို စကားပြောတယ်။ (ကာလက်) တို့အဖွဲ့ ခါနာန်ပြည်ကို စူးစမ်းတဲ့အချိန်မှာ (ကာလက်)က အောင်နိုင်သည်ဟု ယူသလို၊ ကျွန်မ စိတ်ထဲမှာ အောင်နိုင် ကောင်းသည်ဟု စိတ်ချမှုတစ်ခု ဖြစ်လာတော့ စာမေးပွဲဖြေဖို့ သွားပြောအုန်းမယ်။ ဘုရားသခင် တတ်နိုင်တယ်ဆိုပြီး သွားပြောတော့ Boss က ငြင်းလွှတ်လိုက်တယ်။ ဒါပေမယ့် ကျေးဇူးတော်ကြောင့် (၁) ပါတ် မကြာဘူး၊ Boss ကခေါ်ပြီး လိုအပ်တဲ့ စာရွက် စာတမ်းတွေတောင်းပြီး အမြန်ဆုံး စာမေးပွဲဖြေဖို့ စီစဉ်ပေးတဲ့အပြင် ကိုယ့်ထက် တောင်မှ သူကစိတ်ပူပြီး ဘာလိုသေးလဲဆိုပြီး အစအဆုံး စီစဉ်ပေးတယ်။ ဘုရားသခင် ဘုန်းကြီးပါစေ။ အဲဒါကြောင့် အသက်တာမှာ လူတွေက ဘယ်လောက် ပိတ်ပါစေလေ၊ ဘုရားသခင်က ဖွင့်ရင် ဘယ်သူမှ မပိတ်နိုင်ဘူးဆိုတာ လက်တွေ့ ခံစားစေတဲ့ ဘုရားသခင်အား ဘုန်းကြီးပြီး၊ ဂုဏ်ပြုခြင်း၊ ချီးမွမ်းခြင်း အလုံးစုံကို ပေးအပ်ပါ၏။ ဒီ Promotion အတွက်ဘုရားကို အထူးကျေးဇူးတင်တယ်။ Seniority ရရင် ဒါက ဖြစ်ရိုး ဖြစ်စဉ်တွေလိုမျိုး ဖြစ်သွားမယ်။ ဒါပေမယ့် အခုကျတော့ ကိုယ်တော် မပါရင် မဖြစ်နိုင်ဘူး ဆိုတာ ဘုရားသခင်က တန်ခိုးကြီးသော သူ့လက်ရာကို မြင်တွေ့ခွင့် ပေးတယ်။ ကိုယ်က ဘုရား သားသမီးဆိုတော့ အဆိုး ဆိုရင်သာ မရချင်တာ။ အကောင်းစား ဆိုရင်တော့ လူများထက် အရင်ရချင်တယ်။ ကျွန်မ အသက်တာမှာ သူများက ကိုယ့်ထက် အရင် ကောင်းကြီးရရင် ဘယ်လိုလဲ ကိုယ်တော် လို့ မေးမိတယ်။ ဒါပေမယ့် ဘုရားသခင်က သူမပါရင် ဘာမှ မဖြစ်နိုင်ဘူး ဆိုဒါ ကျွန်မကို လက်တွေ့ခံစားစေသောကြောင့် ဘုရားသခင်ကို အထူးကျေးဇူးတင်လျက်-

---

**``ထာဝရဘုရားကို ခိုလှုံခြင်းသည် လူကိုခိုလှုံခြင်းထက် သာ၍ကောင်း၏။´´**

ဆာလံ 118:8

လောကကြီးမှာ တစ်ခါတစ်လေ အခက်အခဲ ပြဿနာတွေ အမျိုးမျိုး ကြုံတွေ့ရတဲ့အခါ ကျွန်မတို့က လူကို အရမ်းအားကိုးချင်တတ်တယ်။ ကိုယ့်ဉာဏ်ကို အမှီပြုပြီး ဘယ်ကနေ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ တွေးတတ်ကြတယ်။ ကျွန်မလည်း ဒီလိုလူတွေ ထဲက တစ်ယောက် အပါအဝင်ဖြစ်ခဲ့ပါတယ်။

ကျွန်မ ဘန်ကောက်မှာ (၂၀၀၃-၂၀၀၅) ခုနှစ်ထိ နေခဲ့တဲ့ အချိန်မှာ မထင်မှတ်ဘဲ ကျေးဇူးတော်ကြောင့် Scholorchip နဲ့ကျောင်းတက်ခဲ့ရပါတယ်။ ဒါပေမယ့် Second Semester မှာ အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေဘဲ အကြွေးနဲ့ ကျောင်းတက်ခဲ့ရတယ်။ နောက်ထက် Semester တက်ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ အခြေအနေကို ရောက်သွားတယ်။ ဒါနဲ့ ကျွန်မလည်း ဒီအကြွေးတွေ ကျေဖို့အတွက် Turkey မှာ ကလေးထိန်း သွားလုပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ ကျွန်မလည်း Turkey သွားမည့် အစ်မ မဆိုနူး ငှားထားတဲ့ (၁၀)ပေ ပတ်လည် အခန်းကျဉ်းမှာ သူနဲ့သွားနေတယ်။ သူက အရင်ထွက်သွားရပြီး ကျွန်မကိုတော့ ခေါ်မယ့် အိမ်ရှင်ကို Turkey မှာ ရှိနေတဲ့ သူငယ်ချင်း တစ်ယောက် က ``ထုဆန်က ကျောင်းသူ၊ ဒီအလုပ်လဲ တစ်ခါမှ မလုပ်ဖူးဘူး´´ လို့ အမှန်တရား ပြောလိုက်တော့ ခေါ်မယ့် အိမ်ရှင်လည်း မခေါ်တော့ဘူး။ ကျွန်မ တူရကီ သွားမယ်ဆိုတာ သူငယ်ချင်းတွေ အားလုံးလည်းသိပြီး ဖြစ်တယ်။ အဲဒီ အခန်းက နောက်ထပ် (၁၀)ရက် ဆိုရင် ပြည့်ပြီ။ ကျွန်မမှာ အဲဒီအခန်း ထပ်ငှားဖို့ ပိုက်ဆံလည်း မရှိ၊ နောက်ထပ် (၁၀)ရက်စာ စားဖို့သောက်ဖို့တောင် ငွေအလုံအလောက် မရှိဘူး။ အလုပ်ကလည်း ထွက် ထားပြီးပြီ။ ဘာဆို ဘာမှ မရှိတဲ့ ကျွန်မက သူငယ်ချင်းတွေကို အားကိုးချင်မိတယ်။ ဒါနဲ့ ကျွန်မလည်း သူငယ်ချင်းတွေကို ဖုန်းဆက်တော့ ``သူတို့က တူရကီ မသွားသေးဘူးလား၊ ဘာလား ညာလား´´ ပေါ့။ ကိုယ်လည်း မသွားဖြစ်သေးဘူး သူဌေးတွေခေါ် ခါနီး ဒီလိုဖြစ်သွားတယ်ဆိုတဲ့ အကြောင်းရင်းကို ပြောပြလိုက်တယ်။ သူတို့က အဆင်မပြေဘူး။ ပိုက်ဆံလည်း မရှိဘူးဆိုပြီး အရင် စကားပိတ်လိုက်တယ်။ ကိုယ်လည်း အကူအညီ မတောင်း ဖြစ်တော့ဘူး။ ကျွန်မလည်း ရင်မှာ တော်တော် Heart ထိသွားတယ်။ ဒါနဲ့ကျွန်မ ကျမ်းစာ ဖတ်လိုက်တော့ ဘုရားက ကျွန်မကို စကား ပြောတယ်လေ။ ``ငါ့ကို ကိုးစားပါ။ ခိုလှုံပါ။ လူကို အား မကိုးပါနဲ့´´ ဆာလံ ၁၁၈း၈ ကို ဖတ်မိလိုက်တယ်။ ကျွန်မလည်းဘုရားကိုပဲ အားကိုးပြီး ဆုတောင်းတော့ အခန်းကျဉ်း (၁၀)ရက် မပြည့်ခင်မှာဘဲ ဘုရားသခင်က တူရကီကို ပို့ဆောင်လိုက် ပါတယ်။ ဆာလံ ၁၂၅း၁ မှာ ``ထာဝရဘုရားကို ခိုလှုံသော သူတို့သည် မတုန်မလှုပ်၊ အစဉ်အမြဲ တည်သော ဇိအုန်တောင်ကဲ့သို့ ဖြစ်ကြ၏။´´

ဆာလံ ၁၈း၃၀ မှာ ``ဘုရားသခင် စီရင်တော်မူသော အမှုသည် စုံလင်၏။ ထာဝရဘုရား၏ သစ္စာတော်သည် အစစ်ခံ၍ တည်၏။ ခိုလှုံသော သူအပေါင်းတို့၏ အကွယ်အကာ ဖြစ်တော်မူ၏။ ကျွန်မတို့ရဲ့ ခိုလှုံရာကျောက်၊ ခိုလှုံရာနေရာ ရဲတိုက်ဟာ ဘုရားသခင်မှ တပါး ဘယ်သူမှ မရှိပါဘူး။ ကိုယ့်ရဲ့ အကောင်းဆုံးမိတ်ဆွေလည်းသူပဲ ဖြစ်ပါတယ်။ ကျွန်တို့ လောကကြီးမှာ ဘယ်လို မုန်တိုင်းကြမ်းတွေ တိုက်ခိုက်ပါစေ ထာဝရဘုရားမှာ ခိုလှုံနေရင် ပြိုလဲ ကျဆင်းသွားမှာ မဟုတ်ပါဘူး။ ``ထာဝရ ဘုရားသခင်၏ ဂရုဏာ တော်သည် အစဉ်အမြဲတည်၏။´´ ကျွန်မတို့ကို ဘုရားသခင် ဟာ မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းမလဲတဲ့ မေတ္တာနဲ့ချစ်နေတဲ့ ဘုရားဖြစ်ပါ တယ်။ ဒါကြောင့် ကျွန်မတို့ အခက်အခဲ ပြဿနာ ကြုံတွေ့လိုက်တိုင်း ဘယ်သူ့ ဆီကိုမှလည်း ပြေးစရာ မလိုဘူး။ အားကိုးစရာလည်း မလိုဘူး။ ဒီလိုမှ မဟုတ်ဘဲ ကိုယ့်ဉာဏ်ကို အမှီပြုပြီး လူကို အားကိုးရင် ကျွန်မတို့က reject ထိမိတတ်ပါတယ်။ ကိုယ့်ကို reject လုပ်လိုက် ရင်း ကိုယ်က ပြန်စိတ် မကောင်းဖြစ်မိမှာပဲ။ ဒါကြောင့် ကျွန်မတို့ကို ဘယ်တော့မှလည်း reject လည်း မလုပ်ဘဲ၊ ကျွန်မတို့ကို တဖက်သက် မေတ္တာအပြည့်နဲ့ ချစ်တော်မူတဲ့ ဘုရားကိုပဲ အားကိုးကြရအောင်လို့ ခွန်အား ပေးချင်ပါတယ်။ ။ အယ်ထုဆန်

---

**ငါးသုံးကောင်** (ပုံပြင်)

တစ်ခါတုန်းက ငါးကြင်း၊ ငါးစဉ်ရိုင်းနှင့် အိန်ဂျယ် ဆိုတဲ့ ငါးကလေး သုံးကောင်ရှိတယ်။ အဲဒီအထဲက ငါးအိန်ဂျယ်က အလှဆုံး ဖြစ်ပြီး မာနကြီးပြီး မောက်မာတဲ့ လေသံနဲ့ ကျန်တဲ့ ငါးနှစ်ကောင်ကို ဒီလိုမေးပါတယ်။ မင်းတို့ကို သူများ ဘာလို့ ငါ့လို အလှ မထားချင်ရတာလဲတဲ့ အဲဒီအချိန်မှာ ငါးကြင်းက ငါတို့က မင်းထက် အရမ်းကြီးတာကိုး အလှမွေးဖို့ မသင့်တော်လို့ နေမှာပေါ့ ဟုဖြေပါသည်။ ငါစဉ်ရိုင်းအား မေးပြန်သော် ငါက မင်းလို မလှမပ အရိုးတွေ ထိုးထွက်နေတာကို သူများ အလှထား ဘယ်ကြည့်ချင်မှာလဲလို့ အားငယ်စွာ ဖြေလိုက်တယ်တဲ့။ ထိုအခါမှာ အိန်ဂျယ်က ကိုယ့်အဆင့်ကိုတော့ သိသား။ ငါက အလှအပနဲ့ပြည့်စုံတယ်ဆိုတော့ ငါ့ကို လူတိုင်းက အလှကြည့်ဖို့ မွေးချင်ကြတာ ဟု ဂါကြွားပါသည်။ သို့သော် အလှူပွဲ တစ်ခု၌ ငါးကြင်းဟာ လှပတဲ့ ဟင်းခွက်ထဲမှာ နေရာယူ၍ သုံးဆောင်သူများအတွက် အာဟာရနှင့် အတူ ပြည့်စုံတဲ့ အရသာ ပေးသောကြောင့် ကောင်းလိုက်တဲ့ငါး ဟု ဂုဏ်ယူခြင်း၊ ခံရပါသည်။ ထို့အတူ ထိုငါးကြင်းနှင့် အတူ ငါးစဉ်ရိုင်း ကလည်း ငါးပိခွက်ထဲ၌ နေရာယူကာ ကောင်းလိုက်တဲ့ငါးပိခွက် ပါလား ဟု လူတွေရဲ့ ဂုဏ်ယူခြင်းကို ခံရပြန်၏။ ထိုအခါ အလှူရှင်က ဒီငါးပိ ကောင်းမှာပေါ့ ငါးစဉ်ရိုင်း ငါးပိလေလို့ ပြန်ဖြေသတဲ့ နောက်ဆုံး ငါးကြင်းနဲ့ ငါးစဉ်ရိုင်းဟာ သူတို့ သေဆုံး သွားတဲ့အခါ အကျိုးရှိရှိ အရသာကောင်းကောင်းလေး ပေးသွားပါသတဲ့။ အိန်ဂျယ် ငါးလေးလည်း သေဆုံးရော အလှကြည့်ဖို့ မွေးသူက အလကား ငါး ဈေးကြီးပေးပြီး မွေးရတယ်။ အသက်ရှင်ဖို့ အစာကောင်းလည်း ကျွေးရသေးတယ်။ သေတော့လည်း ဘာအကျိုးမှ မရှိဘူး။ စားလို့လည်း မရ မစွပ်မဖွပ်နဲ့ဆိုပြီး အပေးဆုံး ရေအိမ်ထဲသို့ လွှင့်ပစ်ခြင်းခံရပါသည်။ မိတ်ဆွေ ဤငါးသုံးကောင် အကြောင်း တွေးတောကာ ခွန်အားယူကြည့်ပါ။ သင်ဟာ ဘယ်လို ငါးမျိုးလဲ။

---

**ကျန်းမာရွှင်လန်းစွာအသက်ရှင်နေနိုင်ခြင်း** Mary (ဖျာပုံ)

လူ့သက်တန်း၏ တစ်ဝက်ခရီး ရောက်လာသော အချိန်ကစပြီး ဘုရားရှင်၏ ကျေးဇူးတော် သက်သက်ကြောင့် နေ့စဉ်ကျန်းမာရွှင်လန်းစွာ အသက်ရှင် လှုပ်ရှား သွားလာ နေထိုင်ခွင့်၊ ကောင်းမွန်စွာ လုပ်ကိုင် စားသောက်နိုင်ခွင့်များ ရနေသော ကြားထဲမှ တခါတရံ လောကဓံ၏ တိုက်ခိုက်မှုကြောင့်သော်လည်းကောင်း၊ ပတ်ဝန်း ကျင် ရာသီဥတု အခြေအနေကြောင့်သော်လည်းကောင်း အမှတ်တမဲ့ မဆင်မခြင် စားသောက်မိသော အစားအစာကြောင့်သော်လည်းကောင်း၊ လျပ်တစ်ပျက် ဖြစ်ပေါ် ခံစား ရသောရောဂါဝေဒနာလေးများခံစားရကာ ကိုယ်တော်ရှင်၏ ခြေစုံကို အကြိမ်ကြိမ် ပြေးဖက် နေရသောကြောင့် မိမိ မတတ်နိုင်သော အမှုကိစ္စ အနည်းငယ် အကြောင်းကို သက်သေခံချင်ပါတယ်။



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၁၃ ။ ဇန္နဝါရီလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကျွန်မ၏ အသက်တာမှာ ခရီးသွားလာတာ အခက်အခဲ ရောက်သည် ဖြစ်စေ၊ ရောဂါဝေဒနာခံစားရသည်ဖြစ်စေ၊ (ဟေရှာ ၄၃း၄-၅) ``မစိုးရိမ်နှင့် ငါသည် သင်နှင့် အတူရှိ၏´´ ဆိုတဲ့ဂတိ စကားနဲ့မိမိကိုယ်ကို အားပေးလေ့ရှိပါတယ်။ ဒါကြောင့် လည်း သိတတ်တဲ့အရွယ်ကတည်းက မကြောက်တတ်၊ မရွံ့တတ်။ လူတွေကို သိပ်အားမကိုးတတ်တဲ့ သတ္တိက အလိုလိုရှိပြီးသား ဖြစ်နေပါတယ်။ ``အစာ လည်း ဆေး၊ ဆေးလည်းအစာ´´ဆိုတာ အမြဲ ခေါင်းထဲထည့်ထားပြီး ဒုက္ခ နည်းမျိုးစုံ ရောက်တိုင်း ခရစ်ယာန်တို့၏ ဝိညာဉ်အစာဖြစ်တဲ့ ``သမ္မာကျမ်းစာ´´ ကိုသာ အစဉ် ရွတ်လေ့ရှိပါတယ်။

ဥပမာ ရေးပြရရင် အသက်ကလေး ရလာတော့ စိတ်ဖိစီးမှုဒဏ်တွေ သိပ် မခံနိုင်တော့ဘဲ ခေါင်းတွေအရမ်းကိုက်တဲ့အခါမျိုးမှာ ဆာလံ၂၃၊ ၉၁ တို့ကိုရွတ်၊ ပဌနာ တော်ကိုလဲ ထပ်ခါတလဲလဲ ရွတ်ဖတ်ရင်း ဘာဆေးမှ မသောက်ဘဲ ပျောက်သွားခဲ့ ပါတယ်။ ဆေးသောက်မယ် ဆိုရင်လည်း ပဌနာတော်ကို ရွတ်ဆိုပြီး၊ ဆုတောင်းပြီးမှ သောက်လေ့ ရှိပါတယ်။ အပြင်းအထန် အလူးအလဲ ခံစားနေရစဉ် အနားမှာ ဘယ်သူမှ မရှိနိုင်ပေမယ့် ကိုယ်တော် အစဉ်ရှိနေပါတယ်။ ကူညီပါလို့ဘဲ အမြဲဆုတောင်းတတ် ပါတယ်။ လူနာပြုစုနေသူ တစ်ဦးဖြစ်သည့် အားလျှော့စွာ လူနာ အတွက်လည်း ကျမ်းပိုဒ်များ အမြဲ ရွတ်ဆိုလေ့ရှိတတ်ပါတယ်။ ကျန်းမာရွှင်လန်းစွာ အသက်ရှင်နိုင်ဘို့ ဆင်ခြင်နေသော ကြားထဲက အမှတ်တမဲ့ မဆင်မခြင် စားသောက်မိသော အစားအစာ ကြောင့် ခံစားရတာလေးတွေ ရေးပြချင်ပါတယ်။

နေ့စဉ် စားသောက်နေတဲ့ အစာတွေနဲ့ ပတ်သက်ပြီး အခန့်မသင့်ရင် ရောဂါ ဝေဒနာခံစားရပါတယ်။ ရက်လွန်သော အစားအစာသော်လည်းကောင်း၊ အသီး အနံ့သော်လည်းကောင်း၊  တွဲမစား သင့်သော အစားစာသော်လည်းကောင်း စားမိရင် ခေါင်းမူးမယ်၊ အန်မယ်၊ အစာ အဆိပ်သင့်သလို ခံစားရတတ်ပါတယ်။ ဒါတွေကို သိထားပေမယ့် ကိုယ်တွေ့ခံစားဖူးလာတော့ မိတ်ဆွေများကို ပိုပြီးဆင်ခြင် သတိထား နိုင်ဘို့ ရေးပြဘို့ အခွင့်ရှိလာတယ်။ 2009 New Year ကာလ အတွင်း လောက်မှာ ရေခဲ သေတ္တာထဲမှာ တစ်လနီးပါး ကြာမြင့်စွာထည့်ထားတဲ့ Vegetarian Cheese အနည်းငယ်ကို စားလို့ ရမရအနည်းငယ် မသိမသာလေး မြည်းကြည့်လိုက်ပါတယ်။ အရသာက အချဉ်ဓါတ် တော်တော်လေးပေါက်ပြီး မစားသင့် တော့တာ သိရပါတယ်။ အနည်းငယ် မသိ မသာလေး မြည်းမိပြီး ကော်ဖီမစ်စ် ဖျော်သောက် လိုက်မိပါတယ်။ အချိန် အနည်းငယ်အတွင်းမှာဘဲ ခေါင်းတွေမူးလာတယ်။ ရင်ထဲမှာ မအီမသာ ဖြစ်လာပါတယ်။ သုံးခါလောက် အော့အန်လာပါတယ်။ နောက်ဆုံး အမြုပ် အဆင့်ထိ အန်မှ ဘဲ အစာ အဆိပ်သင့်တာ သတိထားမိလိုက်ပါတယ်။ ချက်ချင်းဘဲ ဆားနဲ့ သကြား ဆတူ အနည်းငယ် ဖျော်သောက်ကာ ဆုတောင်းပြီး သောက်လိုက်ပါတယ်။ တစ်သက်မှာ ပထမဦးဆုံး ဒီလိုခံစားရဘူးတာမို့ ကိုယ်တော်ရှင်၏ လက်တော်ကို မမြင်နိုင်တဲ့ ယုံကြည်ခြင်းနဲ့မြဲမြံစွာ ကိုင်ရင်း ဆာလံ ၉၁ ကို ထပ်ခါတလဲ ရွတ်ပါတယ်။ ကယ်မည့်သူ အနားမှာ တစ်ယောက်မှ မရှိခဲ့ပါဘူး။ ကိုယ်တော်ရှင် အစဉ်ရှိနေလို့ ကူမ လို့သာ သက်သာပျောက်ကင်းခွင့်ကို နာရီပိုင်း အတွင်း မှာရရှိခဲ့ပါတယ်။

သတိထား ဆင်ခြင်တဲ့ကြားက ဒုတိယအကြိမ် အစားအသောက်နဲ့ ပါတ် သက်ပြီး ခံစားရတာကတော့ မတ်လ တုံးက ကျွန်မ မြန်မာပြည်ကို အလည် ပြန်ခဲ့ ပါတယ်။ ဟင်းသီးဟင်းရွက် တို့စရာ များများ စားတတ်တဲ့ ကျွန်မဟာ တစ်ဘက်ရွာက အဒေါ်ရဲ့ အိမ်မှာ ကတက်ချဉ် တို့စရာ၊ ပတဲဂေါ် တို့စရာ နှင့် ကြက်သား ဆီပြန်ဟင်းကို ထမင်း နှစ်ပန်းကန် လောက် မြိန်မြိန်ကြီး စားချလိုက်ပါတယ်။ စားပြီး တအောင့် တနား နေ၊ အိမ်ကို စက်လှေသင်္ဘောလေးနဲ့ ပြန်လာပါတယ်။ အိမ် ရောက်တော့ အစားတွေ များပြီး မအီမသာဖြစ်နေလို့ နာဂစ်ဒေသကို ယူနီဆက်က ပေးထားတဲ့ လိမ္မော်ကလူး ကို့စ် တစ်ထုပ် ဖျော်သောက်လိုက်ပါတယ်။ ``ပေါ့ချင်လို့ ဆေးထိုး ဆေးအတွက် လေး´´ လို့ဆိုရမှာဘဲ အဆီအဆိမ့်တွေ အချဉ်အရည်လေးနဲ့ ဖြေလိုက်မယ်လို့ သောက်ချ လိုက်ပေမဲ့ ပတဲဂေါ် စားထားတာကို သတိ မထားမိလိုက်ပါဘူး။ (၁၀)မိနစ် လောက်အတွင်းမှာဘဲ ခေါင်းတွေကိုက်၊ မူးဝေလာပြီး စားထားတဲ့အစာတွေ အကုန် အန်ထွက် ပါတော့တယ်။ ဖြစ်ချင်တော့ အမေကလဲ သူ့ ညီမ အိမ်ကိုသွားနေတယ်၊ တူမ ကလည်း ဘုရားကျောင်းသွားတယ်။ ကြုံမှ ကြုံတတ်ပါလေတယ်။ ``ကိုယ်တော် ရှင် သမီးကို ကူညီမဲ့သူ ပေးသနားပါအုံးလို့သာ´´ နာရီဝက်လောက်ကြာတော့ ညီမ ဝမ်းကွဲ တစ်ယောက် အိမ်ကို မရောက်ခင် ဝေးဝေးကလှမ်း ခေါ်ပါတယ်။ ကျွန်မ သူ့ကို ပြန် မထူးနိုင်ပါဘူး။ သူကျွန်မ အနားရောက်မှဘဲ အကူအညီတောင်း နိုင်ပါတယ်။ အမေလည်း မကြာခင် ပြန်ရောက်ကါ။ ညီမကို ဓကရာဇ်မြစ် သွေးခိုင်းပြီး ကျမ ကိုတိုက်ပါတယ်။ စိတ်ထဲကနေ ဘာမှကို မရွတ်ဆို နိုင်လောက်အောင် ခံစားလိုက် ရပါတယ်။ အနည်းငယ် သက်သာလာတော့မှဘဲ ကျေးဇူးတော်ကို ချီးမွမ်းနိုင်ပြီး ထုံးစံအတိုင်း ရွတ်နေကြ ကျမ်းစာများကို ဆိုနိုင်ပါတော့တယ်။ ညီမ ဖြစ်သူက ပတဲဂေါက အချဉ်နဲ့ လုံးဝ မတည့်ဘူးလို့ပြောမှဘဲ၊ ဩော် - အသက် အန္တရာယ် ရှိနိုင်ပေမယ့် ကိုယ်တော် အချိန်မီ ကွယ်ကာ ပေးပါလားလို့သာ - - ။

အစားအစာနဲ့ ပတ်သတ်ပြီး အထက်ပါအကြောင်းအရာလို ဖြစ်ခဲ့ ဘူးပြီး နောက် (၅)လ အကြာမှာ ဖြစ်ပုံကတော့ အနည်းငယ် ပုပ်နေသော စပျစ်သီးမှာ မှိုလေးတွေ ဖြစ်နေပါတယ်။ စပျစ်သီးက ပထမနေ့ညက ဆရာမ ကိုယ်တိုင် ရေဆေးပြီး ပလပ်စတစ်ဘူးထဲ ထည့်ပြီး ရေခဲသေတ္တာထဲမှာ ထည့်ထားတာပါ။ နောက်တစ်နေ့ နေ့ခင်းဘက် သူ့သမီးလေးက စားမလို့ ထုတ်တဲ့အချိန်မှာ ကျမ ကြည့်လိုက်တော့ တချို့အလုံးတွေ ပုပ်နေလို့ မှိုလေးတွေ တွေ့ရပါတယ်။ ကလေးမက အမေ ညက ရေဆေးပြီးသား ထပ်ဆေးစရာ မလိုဘူးတဲ့။ ကျွန်မက မှိုတတ်နေတာကို ပြတယ်။ နင် စားမိရင် ကင်ဆာ ဖြစ်တတ်တယ်လို့ပြောကာ အပုပ်များကို သူ့ရှေ့တွင် ဖယ်ထုတ်ပြီး၊ မှို မရှိသော အပုတ် (၅)လုံးလောက်ကို သူ့ကိုပြကာ ဒါနည်းနည်းတော့ ပုပ်တယ်။ ဒါပေမယ့် ငါစားလို့ရတယ် လို့ပြောကာ။ ကျွန်မ စားလိုက်ပါတယ်။ အချိန်က Tea Break နားတဲ့အချိန်ပါ။ မကြာခင်မှာ ကျွန်မ ကော်ဖီမစ် သောက်ဖို့ ဖျော်နေတုံးမှာဘဲ ခေါင်းထဲမှာ အနည်းငယ် ရီဝေလာပါတယ်။ ဖျော်ထားတဲ့ ကော်ဖီမစ်ကို မသောက် သေးဘဲ အခြေအနေ စောင့်ကြည့်ရင်း မကြာခင်မှာဘဲ စားထားသော စပျစ်သီး လေးများ အန်ထွက်လာပါတယ်။ မကြာခင် အစာချေရည် ခါးခါးများ နှစ်ခါလောက် ထပ်အန်ပါတယ်။ သိရလိုက်ပြီ။ အစာ အဆိပ်သင့်ပြန်ပြီလို့။ ချက်ချင်းဘဲ ဆားနဲ့ သကြား အနည်းငယ် ဆတူ ရောဖျော်ကာ ``ဤဆေးသည် ကိုယ်တော် ဘုန်းတန်ခိုး ရှိခြင်းဖြင့် သမီး ခံစားနေရသော ဝေဒနာများကို ပျောက်ကင်းစေမည်ဟု ယုံကြည်ပါ၍ နာမတော်မြတ်ကို အမှီပြု၍ သောက်သုံးပါ၏ လို့ဆုတောင်းကာ သောက်ပါတယ်။ လောလောဆယ်တော့ အအန်ရပ်ပြီး ခေါင်းများမူးဝေကာ ခံစားရပါတယ်။ ဆက်လက် ပြီး သက်သာနိုင်ဘို့ ဆိုနေကျ ကျမ်းပုဒ်များဆိုရင်း ညနေစာတောင် မစားစရာ မလိုဘဲ ကောင်းမွန်စွာ အိပ်စက်နိုင်ပြီး နောက်တစ်နေ့ မနက်မှာ ရွှင်လန်းစွာ နိုးထ နိုင်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ဟာ အသွေးအသား၊ အရိုးအကြောတွေနဲ့ ဖွဲ့စည်း တည်ဆောက် ထားပြီး၊ ရပ်တည် အသက်ရှင်နေနိုင်ဘို့အတွက်၊ အသဲနှလုံး၊ ကျောက်ကပ်၊ အဆုတ်၊ အစာအိမ်၊ ဆီးအိမ် စတဲ့ အင်္ဂါအစိတ်အပိုင်း အသီးသီးက လုပ်ဆောင်ချက် တစ်မျိုးစီအားဖြင့် ကျန်းမာရွှင်လန်းစွာ အသက်ရှင် နေထိုင်နိုင်ကြ တာပါ။ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုမှာ ချို့ယွင်းချက် ရှိလာရင်တော့ ရောဂါ ဝေဒနာ တစ်ခုစီကို ခံစားရပါပြီး ခန္ဓာကိုယ်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး ဆီးနဲ့ ပတ်သက်ပြီး လွန်ခဲ့သော (၁၅)နှစ်လောက်က ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေး အားဖြင့် လည်း သက်သေခံချင်ပါတယ်။ အဲဒီ အချိန်တုံးက ကျမရဲ့ အစ်မကြီး လက်ကျိုးလို့ ရန်ကုန်၊ ကြည့်မြင်တိုင် အရိုးအထူးကု ဆေးရုံကြီးမှာ ဆေးရုံတက်ရလို့ ကျမက လူနာစောင့်နေပါတယ်။ ကျမ အသက်(၂၀) ဝန်းကျင်ဆိုတော့ ကျန်းမာရေး လည်း တော်တော် ကောင်းပါတယ်။ အမှတ်မထင် တစ်ညမှာတော့ မအိပ်ခင် ကျမ ဆီးသွားတဲ့ အချိန် သွားလို့မရဘဲ ဖြစ်နေပါတယ်။ အချိန်က ည(၉း၀၀)နာရီ လောက်ဘဲရှိပါသေးတယ်။ အဲဒီအချိန်တုံးက ကျွန်မ ကျန်းမာရေးအကြောင်း သိပ် မလေ့လာထားသေးပါဘူး။ ဒါနဲ့ ကျွန်မ ရေများများ သောက်ရင် ဆီးများများ သွားလို့ရမယ်ထင်ကာ သေသန်ရ 1000ml သောက်လိုက် ပါတယ်။ ဆီးအိုးမှာ ထိုင်ပြီး ကျိုးစား ပေါက်တယ်။ ဘယ်လိုမှ မရဘူး။ ဆီးအိမ်ထဲမှာ ဆီးတွေ အရမ်း များနေတာ ခံစားရတယ်။ ဒီလိုနဲ့ ညတစ်နာရီ ရောက်တော့ ဟန်ပုံ မပေါ်လို့ သူနာပြုဆရာမက လာစမ်းသပ်ပေးပြီး ဆီးချူပေးပါတယ်။ ဆီးတွေ ဆီးအိုး အကြီး တစ်လုံး အပြည့်ပါဘဲ။ ကောင်းမွန်စွာ အိပ်နိုင်ပြီး နောက်နေ့မနက် မိုးလင်းမှာ တော့ ကျွန်မ အိပ်ယာထ ဆီးသွားလို့ရပါတယ်။ အလုံအိမ်ကိုပြန်ပြီး အကျိုး အကြောင်း ပြောပြဘို့ အစ်မဘို့ မနက်စာ ပြင်ပြီး ပြန်ခဲ့ပါတယ်။ ဆင်မင်းဈေးမှာ ဆေးကုလားမ၊ ကျောက်ဖရုံသီး သကြားတို့ ဆီးကောင်းဖို့ သောက်မယ်ဆိုပြီး ဝယ်တယ်။ ဒုတိယ အကြိမ် ဆီးသွား ချင်တဲ့အချိန်မှာတော့ ဆီးသွားလို့ မရတော့ပါဘူး။ ဒီလိုနဲ့ ဘာမှ မသောက် ရတော့ဘဲ ညနေ(၄း၀၀)နာရီ ဆေးခန်းဖွင့်မဲ့ အချိန်ကို စောင့်နေပါတော့ တယ်။ ဆရာဝန်က အရည်များများ မသောက်ခိုင်းပေမယ့် ဆေးတလုံးသာ ထိုးပေးပြီး အိမ်ရောက်ရင် ဆီးသွားလို့ ရပါပြီလို့ ပြောပါတယ်။ ဒီလိုနဲ့ အိမ်ရောက်တော့လဲ သွားလို့ မရပါဘူး။ ဆီးချူဘို့ အိမ်ဘေးအိမ်က သူနာပြု ဆရာမကြီး ပြန်လာချိန်ကို စောင့်နေ ရပါတယ်။ ဆီး မသွားနိုင်တာက လွဲလို့ နာကျင်ကိုက်ခဲမှု လုံး၀ မခံစားရပါ ဘူး။ ည(၈း၀၀)နာရီ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၃ ။ ဇန္နဝါရီလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဆရာမကြီး ပြန်လာချိန်မှ ဆီးလာချုပေးပြီး သက်သာ သွားပြန် ပါတယ်။ တစ်ညနေလုံး အစာမစား၊ ရေမသောက်ခဲ့တဲ့ အတွက် နောက်နေ့ မနက် မိုးလင်းချိန်မှာ ဆီးသွား ချင်စိတ်လဲ မရှိပါတော့ဘူး၊ မနက်စာ စားသောက်ပြီး (၁၀း၀၀)နာရီ ကျော်လောက် မှာတော့ ဆီးသွားချင်ပေမယ့် သွားလို့မရ ဖြစ်လာပြန်ပါ တယ်။ ဆီးအိုးပေါ်မှာ ထိုင်ပြီး ဆီးသွားနိုင်ဘို့ အကြိမ်ပေါင်းများစွာ ကြိုးစားတဲ့အတွက် ခါးထဲမှာ ထုံကျင်သလို ဆီးခုံမှာလဲ အောင့်သလိုတွေ ခံစားလာရပါတယ်။ နေ့လယ် တစ်နာရီလောက်မှာတော့ တော်တော်လေး အလူးအလဲ ခံစားလာရပါတယ်။ အလုံ အ.ထ.က(၁)ဝင်း ကရင်ခြံမှာ ဆိုတော့ အနောက်ပိုင်းဆေးရုံနဲ့ နီးနီးလေးပါ။ ကျွန်မ ယောင်းမ ကျမ်းစာကျောင်း ဆရာမ နော်လွယ်ဖေါ ကတော့ အိမ်မှာလဲ အစ်ကိုက မရှိဘူး၊ အဆောင်က ကျောင်းသား သွားခေါ်ပြီး ဆေးရုံသွားဖို့ ပြောပါတယ်။ ကျမ ပဋ္ဌနာတော်ကိုသာ ထပ်ခါ တလဲလဲ ရွတ်နေပါတယ်။ အဲဒီအချိန်တုံးက အိမ်မှာ အမြဲ နားထောင်နေကြ တေးဆို ဂီးလ်ဖရက်ရဲ့ ``ချစ်သမီး မစိုးရိမ်နှင့် တို့လျှင် ချမ်းသာ ရမည်´´ အဲဒီ စာသားလေး ကိုသာ နားထဲမှာ ကြားပြီး ဆယ့်နှစ်နှစ်ပတ်လုံး သွေးသွန် အနာစွဲနေတဲ့ အမျိုးသမီးကို သတိရကာ (မဿဲ ၉း၂၂) ကိုသာအားယူကာ ကိုယ်တော်ကို ယုံကြည်ခြင်း အပြည့်နဲ့ တို့ထိခဲ့ပါတယ်။

ဆရာမကတော့ နင်မို့လို့ ဒီလောက် ခံစားနေတယ်နော်တဲ့။ အဲဒီနေ့ကလဲ Sunday ဆိုတော့ ဆေးရုံသွားလဲ ဆရာဝန်စမ်းသပ်ဖို့ အခက်အခဲရှိမှာ သိတယ်။ ကိုယ့်ကို ကူညီဘို့ သူများတွေကိုလဲ ဒုက္ခမပေးချင်ဘူး။ အဲဒီထက် ပြင်းထန်တာက ဆယ့်နှစ်နှစ်လုံး သွေးသွန် အနာစွဲတဲ့အမျိုးသမီးတောင်မှ သူရဲ့ ယုံကြည်ခြင်းအားဖြင့် အနာ ပျောက်ကင်းသေးတာဘဲ ငါက သုံးရက်မြောက်ဘဲ ရှိသေးတယ် ငါ ကိုယ်တော့်ကို တကယ် ယုံကြည်တာဘဲ။ သူကယ်တင်မှာပါလို့သာ စိတ်ထဲမှာ ပြင်းပြစွာ ခံစား ရပါတယ်။ ကိုယ်တော်ရှင်ရဲ့ ``သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ´´ ထို စကားကို နားထဲမှာ ကြားနေရင်း မကြာခင်မှာဘဲ ဆီးအိုးမှာ ထိုင်ရင်း ဆီးလမ်းကြောင်းမှ အရာဝတ္ထုတစ်ခု ထွက်သွားသလို ခံစားလိုက်ရတာ ယူပစ်လိုက် သလို ချက်ချင်းဘဲ သက်သာသွားပါတယ်။ ဆီးအိုးကို ကြည့်တဲ့အခါ စလေဇီးသီး အစေ့ အသေးစား လောက်ရှိတဲ့ ဘီးလပ်မြေထုံးတွေနဲ့ ပေါင်းစပ်ထားသလိုမျိုး ကျောက်တုံးလေးနဲ့ အတူ သွေးစလေး အနည်းငယ်နဲ့ဆီး အနည်းငယ်ကို တွေ့ရပါ တယ်။ မီးဖိုထဲမှာ ညနေစာ ပြင်ဆင်နေသော ဆရာမကို လှမ်းခေါ်ပြီး ငါ့ကို လာကြည့်ပါ ငါ ကောင်းသွားပြီလို့ ကရင်ဘာသာနဲ့ လှမ်းပြောလိုက်ပါတယ်။ သူလဲ အခန်းထဲ ဝင်လာပြီး ဘုရားရှင် နင့်ကိုကူညီမစတယ်လို့ ကရင်ဘာသာဖြင့် ပြန်ပြောပါတယ်။ ကျွန်မကို တော်တော်သတ္တိ ကောင်းတာဘဲ တချို့သူတွေသာဆိုရင် ဆေးရုံပြေးပြီလို့ ပြောပါတယ်။ ကျွန်မလဲ ``ချစ်သမီး မစိုးရိမ်နှင့် တို့လျှင် ချမ်းသာရမည်´´ သီချင်းလေး ဆိုပြလိုက်ပါတယ်။ အဲဒီလိုခံစားခဲ့ရဘူးတဲ့ အချိန်ကစပြီး ကိုယ်တော်ရှင်ဟာ ကျမတို့ရဲ့ ယုံကြည်ခြင်းအားဖြင့် အနာရောဂါကို ကင်းငြိမ်း စေတယ် ဆိုတာကို ပိုမို ယုံကြည်ပြီး ရှေ့ဆက်အသက်တာမှာ ကိုယ်တော်ဟာ အနာရောဂါကို ငြိမ်းစေနိုင်တဲ့ အတွက် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကိုးစား လျှက် ကျန်းမာ ရွှင်လန်းစွာ အသက်ရှင်နေနိုင်ပါတယ် ဆိုတာ ချစ်သော ညီအစ်ကို မောင်နှမများကို အနည်းငယ်သက်သေခံပါတယ်။ ဖတ်ရှုရသူ အယောက်စီတိုင်း ဂိညာဉ်ခွန်အား ရရှိနိုင်ပါစေ။ ။ Mary (ဖျာပုံ)

------------------------------------------------------------------------

" Shake it Off ! "

တခါက လယ်သမားကြီးတစ်ဦး၏ မြင်းတစ်ကောင်သည် ရေတွင်း ဟောင်း တစ်ခု အတွင်းသို့ လိမ့်ကျသွားပါသည်။ မြင်းသည် ကျယ်လောင်စွာ အော်ဟစ် မြည်တမ်းလျက် မိမိကို ကယ်တင်မည့် သူကို မျှော်လင့် နေပါသည်။ ထိုအခါ လယ်သမားကြီးက မြင်းကို မည်ကဲ့သို့ ကယ်ထုတ်ရမည်ကို တွေးတော အကြံထုတ်ရင်း - ဆုံးဖြတ် ချက် တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်လေသည်။ ဒီမြင်းကြီး အလွန် အိုမင်း နေပြီဖြစ်၍ ကယ်ဆယ် ထုတ်ပစ်ရန် မထိုက်တန်တော့မဲ့ အတူတူ။ ရေတွင်း ဟောင်းကြီးကိုလည်း မြေဖို့ ပစ်ဖို့ လိုအပ်နေပြီး ဖြစ်တဲ့အတွက် မိမိ အိမ်နီးနား ချင်းများကို စုရုံး၍ ဒီရေတွင်းဟောင်းကြီးကို မြေပိုင်းဖို့ ကြရန် အကူအညီ တောင်းခံ လိုက်သည်။

လူများစုရုံးပြီး တွင်းနက်ထဲသို့ မြေစိုင် မြေခဲ၊ အမှိုက်သရိုက်များကို စုပုံ ပစ်ချ လိုက်သောအခါ၊ ပထမတော့ တွင်းထဲမှ မြင်းကြီးက ``ဘာဖြစ်တာပါလိမ့်´´ ဟုထင်ပြီး ကြောက်မတ်ဖွယ် ကောင်းလောက်အောင် ကျယ်လောင်စွာ အော်ဟစ် နေပါ သည်။ မြေစိုင်မြေခဲများ တော်တော်လေး ပစ်ချတာ ကြာလာသောအခါ မြင်းရဲ့ အော်သံ မကြားရတော့တာကို လယ်သမားကြီးက သတိထားလိုက်မိပြီး မြင်း သေသွား ပြီလို့ အထင်နဲ့ တွင်းကြီးထဲကို ငုံကြည့်လိုက်တဲ့အခါ- အလွန်ပင် အံ့သြပြီး မျက်လုံး ပြူးကျယ် သွားရပါသည်။ မြင်းဟာ မိမိရဲ့ ကျောပြင်ပေါ်သို့ ကျလာသော မြေစိုင် မြေခဲများကို တစ်ခု ချင်း ခါချလိုက်ပြီး ခြေထောက်နှင့် တက်နင်းထားလိုက်သည်။ ကြာ လာတော့ တွင်း လည်း တဖြည်းဖြည်း ပြည့်မောက် လာပြီး မြင်းကြီးလည်း အပေါ် ပြင်ပသို့ ရောက်ရှိ လာပါတော့သည်။

ကျွန်မတို့ အသက်တာမှာ အထူးသဖြင့် ဆုတ်ယုတ် အနိမ့်ကျဆုံး အချိန်၊ အမှောင်မိုက်ဆုံး အချိန်၊ ဝမ်းနည်းပူဆွေးရဆုံး အချိန်များနဲ့ ရင်ဆိုင်ကြရတတ်ပါ တယ်။ အဲဒီလိုအချိန်မျိုး ရောက်ရင် ..သင်၏ ဘုရားသခင် ထာဝရဘုရားသည် သင့်အလယ်၌ ရှိ၍ တန်ခိုးကြီး သော ဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့်မည်။ သင်၌ အားရ ဝမ်းမြောက် တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာ၌ ကျိန်းဝပ်၍ သီချင်းဆိုခြင်းနှင့် တကွ သင်၌ ဝမ်းမြောက် တော်မူလိမ့်မည်။(ဇေဖနိ ၃း၁၇)

ထာဝရဘုရားသည် ငါတို့ ခိုလှုံရာဖြစ်၍ ခွန်အားကို ပေးတော်မူ၏ ဘေး ရောက်သည့် ကာလ အထူးသဖြင့် ကယ်မတော်မူကြောင်းထင်ရှားလျက် ရှိ၏။ (ဆာလံ ၄၆း၁) ဆိုတဲ့ ကျမ်းစကားများကိုသတိရပါ။ ကျွန်မတို့ရဲ့ ကယ်တင်ပိုင်ရှင်ကို ဟစ်အော် တောင်းလျှောက်ပြီး - ဘုရားရှင် ပေးတဲ့ ခွန်အားနဲ့ ဒီအခက်အခဲ၊ ဒုက္ခ မှောင်မိုက်တွေကို ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ တစ်ခုချင်းစီကို ဘုရားရှင် ဖြေရှင်းပေးနိုင်တယ်။ ယုံကြည်စိတ်ချစွာ တောင်းခံပါ။

Each of our troubles is a stepping stone. Shake it off and take a step up. We can get out of the deepest wells by not stopping, Never giving up! ။ ခရစ်တော်၏မေတ္တာဖြင့်- Htokie (ခေတ္တ စင်္ကာပူ)

------------------------------------------------------------------------

**နေသည်ငြိမ်ဝပ်စွာနေ၍ လသည်ရပ်လေ၏။** မလွမ်းသူ (ပဲခူး)

ယောရှု၊ ၁၀း၁၃ ``**ယောရှုမှတ်စာ**´´ ကိုလေ့လာကြည့်တဲ့အခါ ဣသရေလ လူမျိုး တို့ဟာ အောင်မြင်ခြင်းကို အလိုအလျောက် စစ်ခင်းပြီး ရလာတာ မဟုတ်ပါဘူး။

ဘုရားရှင်ကို ကိုးစား နာခံခြင်း အားကြီးလို့သာ ဖြစ်ကြောင်း မှတ်တမ်း ပြုထားတာ အထင်အရှား ပါပဲ။ ကတိထားတော်မူရာ ခါနန်ပြည်ကို ဝင်ရောက်နိုင်ရုံမက ထိုဒေသက ရုပ်ထု ကိုးကွယ်တဲ့ တစ်ပါးအမျိုးသားများအပေါ် အောင်နိုင်သူလို့ အခေါ် ခံခွင့် ရခဲ့ကြပြန်ပါသေးတယ်။ ဘုရားသခင်ရဲ့ အမိန့်တော် ဣသရေလ အပေါ် ကျ ရောက်တာက သူ့ကိုယုံကြည်ကိုးစား နာခံအားထားကြရန်နဲ့ သူ၌ ခိုင်ခံ့မြဲမြံ ရဲရင့် ကြရန်တဲ့။ ဒါမှသာ သူနဲ့ပြုထား ပဋိညာဉ်တရားကို ပြန်လည်သစ်လွင် ပေါ်ပေါ် ထင်ထင် ဖြစ်လာစေမယ်လို့ ဆိုပါတယ်။ ယောရှု ပေးထား သင်ခန်းစာများက ယနေ့ ယုံကြည်သူတွေအတွက် အားဆေးတစ်ခွက်ပါပဲ။

-ဘုရားကိုကိုးစား ခိုင်မြဲစွာ ရပ်တည်ထားရင် ကြုံလာမဲ့ ဂိညာဉ်ရေးရာ တိုက်ပွဲ များစွာ ကေန် အောင်ခွင့်ရကြမှာတဲ့။

-အကယ်၍များ သခင်မိန့်ကြား စေစားချက်များကို စိတ်နှလုံးမပါ မလိုက်နာဘဲ ကိုယ့်သဘော ဆန္ဒ ရှေ့တန်းက ရှိစေကြရင်တော့ ရင်တိုင်ရမဲ့ အခက်အခဲ မကျော်လွှားနိုင်ဘဲ ဖြစ်လိမ့် မယ်တဲ့။

-နေ့စဉ်နဲ့အမျှ ကြုံဆုံမဲ့ သွေးဆောင်မှုအပေါင်း အကြောင်းကြောင်းနဲ့ ရွေးချယ်မှု မကောင်း သမျှတွေအတွက် လမ်းလွဲမသွားစေဖို့ ဘုရားကိုသာ ဦးထိပ် ထားဖို့ လိုမယ်တဲ့။

-သာဓက အနေနဲ့ `ယေရိခေါ´ မြို့ကို သိမ်းယူရရှိခြင်းဟာ လူ့အစွမ်းအစ၊ တစ်ပြားမှ မပါဘဲ ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့်သာ ဖြစ်ပြီး ညွှန်ကြားချက် မှန်သမျှ နာခံ ဆောင်ရွက်ကြလို့ ဖြစ်တယ် ဆိုတာ အံ့သြစရာ မဟုတ်ပါဘူး။

-ယောရှုကို သခင်မိန့် `ကြောက်ရွံ့ခြင်းမရှိ ခွန်အားအတိနဲ့ အားယူ၍ ရဲရင့်ခြင်း ရှိရန်နဲ့ သူ့အမိန့်ကို နာခံ ယုံကြည်ခြင်း အပြည့်ရှိဖို့ရန်´ သွန်သင် ခဲ့တာပဲ။

-ဣသရေလ တို့ရဲ့ အောင်မြင်ခြင်းဟာ အလိုအလျောက် စစ်ခင်းပြီး ရလာခဲ့တာ မဟုတ် ပါဘူး။ ။

------------------------------------------------------------------------

**ပုံပြင်လေးအားဖြင့်သက်သေခံခြင်း** ဖိုးလေး (အင်းစိန်)

တစ်ခါတုန်းက လူတစ်ယောက်ဟာ ပူပြင်းလွန်းတဲ့ ကန္တာရခရီးကို ဖြတ် ကျော် ရသတဲ့။ သူ့မှာ ပါလာတဲ့ရိက္ခာ (စားစရာ/ရေ) တို့ဟာလဲ စား/ သောက်ရင်းနဲ့ ကုန်သွားသတဲ့။ ဒီအခါမှာ သူ အလွန်တောင့်တတဲ့ အရာဟာ ဘာဖြစ်မယ်လို့ သင်ထင်သလဲ။ အေးမြလွန်းတဲ့ ရေလေးပေါ့။ ကန္တာရ ခရီးကြမ်းကို ဖြတ်ရင်း ရေကို

ရှာသတဲ့။ ကန္တာရ ဆိုမှတော့ ရေဘယ်ရှိမှာလဲကွယ်။ ဒါပေမယ့် မထင်မှတ်တဲ့နေရာတစ်ခုမှာ ရေကန်ကြီးတစ်ခုနဲ့ ရေပေါက်လေး တစ်ခုကိုတွေ့လိုက် ရသတဲ့။ ဂမ်းသာအားရမှုနဲ့အတူ ရေငတ်နေတဲ့သူဟာ ရေကန်ကြီး ရှိရာကို ပြေးပြီး အငမ်းမရ သောက်သုံး လိုက်သတဲ့။ သောက်ပြီးတော့မှ ဆားငန်ရေ ဖြစ်နေမှန်း သိတဲ့အတွက် ရေ ပိုငတ်လာခဲ့တယ်။ အရမ်း ငတ်မွတ်နေတဲ့အချိန် ခန္ဓာကိုယ်ဟာ ကန္တာရ အပေါ် လဲကျသွားတဲ့အခါ ဘေးနားမှာရှိတဲ့ ရေပေါက်လေး (စမ်းရေတွင်း သေးသေးလေး) ကိုသတိထားမိသွားသတဲ့။ သေရမယ့်အတူတူ ရေငတ်လွန်းတဲ့ အတွက် အဲဒီရေလေးကို သောက်မိတဲ့အခါ အလွန်အေးမြတဲ့ စမ်းရေလေး ဖြစ်နေသတဲ့ကွယ်။ စမ်းရေလေးကို တစ်စက်ချင်း တစ်စက်ချင်း သောက်သုံးရင်း ရေငတ် ပြေပြီး ခရီးပြန်ဆက်နိုင်သတဲ့ကွယ်။

ကျွန်မတို့ အသက်တာမှာလဲ ရှိတဲ့ရိက္ခာ(စည်းစိမ်၊ ဥစ္စာကြွယ်ဝမှု) တွေရှိပေမယ့် အဲဒီအရာတွေ ဆုံးရှုံးသွားတဲ့အခါ ရေကန်ကြီးလို ကြီးမားပြီး ရေပေါများတဲ့ လောကကြီးထဲမှာ ကိုယ့်ဉာဏ် ကိုယ့်အစွမ်းအစကို အားကိုး မှီခိုပြီး လောကအရာတွေ နောက်ကို အငမ်းမရ လိုက်နေတော့တာပေါ့။ ဆုံးရှုံးတဲ့အရာတွေကို ပြန်ရရှိပေမယ့် တနေ့ ပြန်ပျောက်ကွယ်သွားမှာကို စိုးရိမ်ထိတ်လန့်နေရတယ်။ လောကအရာတွေဟာ ဆားငန်ရေလိုပါပဲ။ သောက်လေ ငတ်လေ၊ ရလေ တပ်မက်လေပေါ့။ တချို့ယုံကြည်သူတွေ အသက်တာမှာလဲ ထို့နည်းတူပါပဲ။ ဘုရားသား/သမီး ဖြစ်ခွင့် ရပေမယ့်လဲ စိတ်နှလုံးဟာ လောကအရာပေါ်မှာပဲ စွဲလမ်းနေတဲ့အတွက် ပူလောင်မှု၊ စိုးရိမ်မှုတွေနဲ့ ပြည့်နှက်နေခဲ့တယ်။ လိုအပ်လေ ရှာလေ၊ လိုချင်လေ လောဘကြီး တပ်မက်ပြီး လောကအရာတွေထဲမှာဘဲ သံသရာ လည်နေရတယ်။ လောကအရာတွေဟာ ငြိမ်သက်မှု၊ ပျော်ရွှင်မှုတွေ ပေးစွမ်းနိုင်တယ်လို့ ခံယူချက်တွေ မှားခဲ့တယ်။ တကယ်တော့ ဒီအရာတွေဟာ တနေ့ ချန်ထားခဲ့ရမယ့် အရာတွေပါ။ ဘုရားကို အားကိုးဖို့ထက် လူတွေကို အားကိုး မျှော်လင့်နေကြတဲ့ဘုရား သား/သမီး မြောက်များစွာ ရှိနေပါတယ်။ ယနေ့ ယုံကြည်သူတွေဟာ ဘုရားကို ဥပေက္ခာပြုထားကြတယ်။ ဒုက္ခ ရောက်တဲ့အခါ ကိုယ့်ခွန်အား ကိုယ့်အစွမ်းအစနဲ့၊ လူအချင်းချင်း အားကိုး တတ်ကြ တယ်။ မရနိုင်တဲ့အဆုံး၊ မတတ်နိုင်တဲ့အဆုံးမှ ဘုရားသခင်ကို သတိရကြတော့တယ်။ တကယ်ကို ဂမ်းနည်းစရာ ကောင်းပါတယ်။ စစ်မှန်တဲ့ ငြိမ်သက်၊ ပျော်ရွှင်မှုကို ပေးနိုင်တာ ဘုရားသခင်တစ်ပါးတည်းသာ ရှိပါတယ်။ ဘုရားသခင် သာလျှင် ကျွန်ုပ်တို့၏ ခိုလှုံရာ၊ ရဲတိုက်၊ ခွန်အားဗလ ဖြစ်ပါတယ်။ ဘုရားသခင် သာလျှင် ကျွန်ုပ်တို့ ဒုက္ခ အခက်ခဲရောက်တိုင်း ကူညီမစဖို့ အနားမှာ အမြဲအသင့် ရှိနေပါတယ်။ အနားမှာရှိတဲ့ စမ်းရေတွင်းလေးကို မေ့ပြီး ရေကန်ကြီးကိုပဲ (ဆားငန်ရေ) မြင်တဲ့ ယုံကြည်သူ အမြောက်အများရှိနေပါသေးတယ်။ တကယ် ဂမ်းနည်းစရာ ကောင်းပါတယ်။ လောက အရာတွေထက် အထက်အရပ်က အရာတွေကို တောင့်တရမှာ ဖြစ်ပါတယ်။ အနားမှာ အမြဲရှိနေတဲ့ ဘုရားသခင်ကို ဦးဆုံး သတိရ အားကိုးဖို့ ခွန်အားပေးလိုက်ပါတယ်။ စစ်မှန်တဲ့ ပျော်ရွှင်၊ ငြိမ်သက်မှုတွေဟာ လူတွေ၊ လောက စည်းစိမ်ထဲမှာ မရှိပါဘူး။ ဘုရားသခင် တစ်ပါးတည်း၌သာ ရှိပါတယ်။ ထို့ကြောင့် ဆင်းရဲဒုက္ခ၊ ပူဆွေးခြင်း၊ အခက်အခဲ ပြဿနာများ ရှိလာတဲ့အခါ ဘုရားသခင်ကို သတိရပါ။ အားကိုးပါ။ ခိုလှုံကိုးစားပါ။ ဘုရား သား/သမီး ယုံကြည်သူ အသက်တာမှာ ဦးစားပေးမှု မမှားစေချင်ပါဘူး။ ဆားငန် ရေကန်ကြီးကို မြင်ဖို့ထက် အေးမြတဲ့ စမ်းရေလေးကိုဦးစွာ မြင်စေဖို့ရန် ခွန်အားပေးလိုပါတယ်။

`` သမင်ဒရယ်သည် ရေစီးသော ချောင်းကို တောင့်တသကဲ့သို့၊ အကျွန်ုပ် ဝိညာဉ် ကိုယ်တော်ကို တောင့်တပါသည် ဘုရား .....´´ (ဆာလံ ၄၂း၁) ဖိုးလေး (အင်းစိန်)

---

**ထာဝရဆန်းသစ်လှပနေမယ့်ခရစ္စမတ်** သဲမေဦး

ကျွန်မရဲ့အသက်တာမှာ အချိန်များစွာရှိသည့် အနက် ခရစ္စမတ် လရာသီ ရောက်လေတိုင်း ထူးခြား ဆန်းသစ်ကြည်နူးပျော်ရွှင် ရသော ခံစားမှုမျိုးကို အမြဲတမ်း ရရှိခဲ့ပါတယ်။ ကျွန်မတို့ မူလတန်းအရွယ်တုံးက ကျွန်မတို့ တိုက်နယ်မြို့ကလေးမှာ ချမ်းသာတဲ့ အဖိုးအဖွား ဇနီးမောင်နှံ နှစ်ယောက်ရှိပါတယ်။ သူတို့က ကျွန်မတို့ အသင်းတော်က ဖြစ်ပါတယ်။ သူတို့ရဲ့ အိမ်ကို ကျွန်မ မကြာခဏ ရောက်ဖြစ်ပါတယ်။ ပိုက်ဆံ ရှိတော့ ခရစ္စမတ်အချိန်မှာ ဒီဇင်ဘာလ တစ်လလုံး သူတို့ အိမ်ဧည့်ခန်းထဲမှာ ရောင်စုံ အော်တိုမစ်တစ် မီးသီးလုံးတွဲလေးတွေကို ခရစ္စမတ်သစ်ပင် လှလှပပနဲ့ အလှဆင် ထားတတ်ပါတယ်။ ကျွန်မတို့ ခလေးတစ်သိုက်က အဲဒီ ခရစ္စမတ် သစ်ပင်ကြီးကို အရမ်းသဘောကျကြပါတယ်။ ကျွန်မကတော့ အကဲဆုံးဘဲ ဖြစ်မယ် ထင်ပါတယ်။ အဲဒီ အဖွားအိမ်မှာဘဲ ခရစ္စမတ်ညမှာ ပြမဲ့ မွေးနေ့တော် ပြဇာတ်တို့၊ အကတို့ကို တိုက်ကြ ကျင့်ကြပါတယ်။ အဲဒီမှာ မယုံကြည်သူ ခလေးများ၊ စပ်စုတတ်သူ ကလေးများလဲ ပါပါတယ်။ အဖွားအိမ်က မြို့လယ်ဖြစ်လို့ ချမ်းသာတဲ့ အိမ်နီး နားချင်း များက မယုံကြည်သူ များပါတယ်။ အဲဒီထဲမှာ ခလေးတစ်ယောက်က အဖွားရဲ့ ခရစ္စမတ် သစ်ပင်ကို လာကြည့်ပြီး အိမ်ပြန်တော့ သူ့အမေကိုပြန်ပြီးတော့ ပူဆာပါတယ်။ အမေရယ်၊ သမီးတို့အိမ်မှာလဲ ခရစ္စမတ် လုပ်ပါ အမေရယ်။ သူ့အမေက ဘာဖြစ်လို့လဲ သမီးလို့ ပြန်မေးတော့ ကလေးက ခရစ္စမတ်က အရမ်း လှတာဘဲ အမေရဲ့ သိလား။ ခရစ္စမတ်က အလှဆုံးဘဲ အမေ။ သမီးတို့အိမ်မှာ ခရစ္စမတ် လုပ်ပေး ပါ မေမေရယ်တဲ့။

ကျွန်မ သဘောအကျဆုံးက ကျွန်မတို့ ဘုရားကျောင်း အောက်ထပ်က ခရစ္စမတ် သစ်ပင်ကြီး နှစ်ပင်ကို လှပခန့်ငြားစွာ စိုက်ထူထားဒါဘဲ ဖြစ်ပါတယ်။ ကျမတို့ အရပ်က ထင်းရှူးပင် မရှိလို့ ဆေးရိုးပင်ကိုင်းကြီးများကို သုံးပါတယ်။ အရွက်စိမ်းစို ဖားဖားကြီးနဲ့ ဆေးရိုးကိုင်းကြီးကို အားကောင်း မောင်းသန် ဦးလေးကြီးတွေက ခုတ်ယူလာပြီး စိုက်ထူထားတယ်။ အလှအပ ဆင်တာ ကတော့ ကွိုင်ယာ သံစုံက လူငယ် မောင်မယ်များက ကိုယ်စွမ်း ဉာဏ်စွမ်းရှိသ၍ အသကုန် အားစိုက် တန်ဆာဆင် ပေးကြပါတယ်။ ရောင်စုံ ပူစီဘောင်းကြီးငယ်၊ လမ်းပြကြယ် လှလှပပ ကြီးငယ်ရွယ်စုံ ဆိုက်စုံ ကျွန်မ စိတ်ထဲ မျက်စိထဲမှာတော့ ကမ္ဘာမှာ အလှဆုံးပါဘဲ။ ခရစ္စမတ် သစ်ပင်ကြီးရဲ့ အနီးမှာ စာပွဲရှည် အကျယ်ကြီးကို အလျားလိုက် စီတန်းထားတဲ့ အပေါ်မှာတော့- ခရစ္စမတ် လက်ဆောင် အမျိုးမျိုး စုံလင်စွာ မရေ မတွက်နိုင်ပါ။ စားစရာ သုံးဆောင်စရာ မျိုးစုံဖြစ်မှာပါ။ ညနေပိုင်း မိုးချုပ်တော့ မိုးဖိုဆောင် ချက်ပြုတ်ရေး ဌာနကို ရောက်သွားတော့ သန်းခေါင်းယံ ဂတ်ပြုအပြီးမှာ ကျွေးဖို့ မိုးပြဲဒယ်ကြီး (၅)လုံးနဲ့ ဦးလေးကြီးများ၊ အဒေါ်ကြီးများက ဆန်ပြုတ် ပြုတ်ဖို့ ပြင်ဆင်နေကြပါပြီ၊ ဘဲသား၊ ဆန်ပြုတ်၊ ကြက်သားဆန်ပြုတ်၊ ဂက်သားဆန်ပြုတ်၊ ငြုတ်ကောင်းမှုန့်၊ ကြက်သွန်မိတ်။ နံနံပင်၊ ကြက်သွန်ကြော်များနဲ့ အဲဒီ အစီအစဉ်ကိုလဲ ကျွန်မ အရမ်းသဘောကျပါတယ်။ စားသောက်စရာ ပေါ ကြွယ်ဝတဲ့ ခရစ္စမတ်ပါဘဲ။

ကျွန်မ စင်္ကာပူကို စရောက်လာတဲ့နှစ်မှာ ကျွန်မရဲ့ အိမ်ရှင် အဖွားက သူ့ ချွေးမ တွေနဲ့ သားတွေကို ခေါ်ပြီး ကျွန်မတို့ကို စင်္ကာပူရဲ့ ခရစ္စမတ် အလှအပတွေကို ပြဖို့ ကားနှစ်စီးနဲ့ ည(၆း၈၈) မှာ အိမ်က စထွက်ပြီး နာမည်ကြီး တရုတ် စားသောက်ဆိုင်ကြီး တစ်ဆိုင်မှာ ညစာ အတူသွားစားပြီး ည(၉း၃၀)နာရီ ဆိုင်ကထွက်ပြီး Orchard လမ်းမကြီးတလျှောက် အသွားအပြန် လမ်းလျှောက်ပြပါတယ်။ ဘယ်လောက် လှသလဲဆိုရင် ကျွန်မ စိတ်ထဲမှာလေ ကောင်းကင်ဘုံ ကို အရှင် လတ်လတ်ကြီး ရောက်သွား သလိုမျိုး ခံစားရတယ်။ ကျွန်မက အဖွားရဲ့ ချွေးမအငယ်မကို မေးလိုက်တယ်။ ခရစ္စမတ် မီးရောင်စုံတွေက ပြင်ဆင်ထား ဒါတွေက အရမ်းလှတာဘဲနော်။ နှစ်တိုင်း ဒီလိုဘဲလား ဒီဖိုင်းက အတူတူဘဲလား လို့မေးတော့ သူက တစ်နှစ်နဲ့ တစ်နှစ် မတူဘူး တစ်နှစ် ထက် တစ်နှစ်ပိုပြီး ဆန်းပြား လှပအောင် ပြင်ဆင်ထားပါတယ်တဲ့ ကျွန်မရဲ့ ကြည်နူး ပျော်ရွှင်မှုကိုတော့ မဖော်ပြ တတ်လောက်အောင်ဘဲ။ နောင်နှစ်တွေကျတော့ ကျွန်မက ကိုယ့်ဖာသာကိုယ် သွားတတ်သွားပြီ၊ စင်္ကာပူ ရောက်နေတဲ့ ညီအစ်မတွေ အစ်ကိုတွေ မောင်တွေနဲ့ ခရစ္စမတ် အလှအပကို ခြေလျှင်လျှောက်ပြီး တဝေးတမောကြီး လျှောက်ကြည့်ပြီး ရင်ထဲမှာ ကြည်နူး သာယာလို့ မဆုံးနိုင်အောင် ခံစား စိတ်ကူးပြီး ပျော်နေမိပါတယ်။ ခရစ္စမတ် သစ်ပင်ကြီး တွေကို အပြိုင်အဆိုင် အလှ ဆင် ထားကြတာ ဘယ်သူမှ မယှဉ်နိုင်အောင်ပါဘဲ။ ခရစ္စမတ်က လှပလွန်း နေပါတယ်။

တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ (ယော ၃း၁၆) ဘုရားသခင်သည် ခရစ္စမတ်၏ ဖန်ဆင်းရှင် စကြာဝဠာ တစ်ခုလုံးကို ဖန်ဆင်း ပိုင်သတော်မူသော တစ်ဆူတည်းသော တစ်ပါးတည်း သော ဘုရားသခင်ဖြစ်ပါတယ်။ မျက်မြင်ရတဲ့ ပသာဒ အလှတွေရဲ့ နောက်မှာတော့ မမြင်ရပေမယ့် နှလုံးသားနှင့် ခံစားမြင်နိုင်တဲ့ အလှအပ ထာဝရ အသက်ဖြစ်တဲ့ ဘုရားရဲ့ လက်ဆောင်ကတော့ ယုံကြည် ခံယူသူတိုင်း ခံစားရမယ့် ပိုင်ဆိုင် နေထိုင်ရမယ့် ``ပရဒိသုဘုံ´´ဖြစ်ပါတယ်။

စိတ်ဝိညာဉ်နဲ့ ခံစားကြည့်ရှုလိုက်ပါ ချစ်မိတ်ဆွေ။ လောကီသားတွေ ဖန်တီး တည်ဆောက်ထားတဲ့ ခရစ္စမတ်ဟာ ဒီလောက် လှပ နေမယ်ဆိုရင် ဘုရားရှင် ကိုယ်တော်တိုင် သားသမီးတွေအတွက် လက်ဆောင်အဖြစ်ပေးတဲ့ ခရစ်တော် သူငယ်တော်လေးကို ကယ်တင်ပိုင်ရှင်သခင်အဖြစ် ယုံကြည် လက်ခံသူတိုင်း မလွဲဧကန် အမှန် ရောက်ရှိနေထိုင်ရမယ့် ထာဝရအိမ်တော် ပရဒိသု ကောင်းကင်အိမ်ဟာ ပိုပြီး လှပနေမယ်ဆိုတာ သေချာပါတယ်။ ခရစ္စမတ် သစ်ပင်တွေ ဂေဆာစွာနဲ့ ထာဝရ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၃ ။ ဇန္နဝါရီလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွက် အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဆန်းသစ် လုပမယ့် ခရစ္စမတ် ဆိုတာကတော့ သေချာပါတယ်။ ယုံကြည်သူတိုင်းရဲ့ အသက်တာ ခရီးကို ကိုယ်တော်အစဉ်ဂရုပြုနေပါတယ်။ ။ သဲမေဦး

--------------------------------------------------------------------------------

## ပြန်ဆုံမယ့်နေ့ကိုစောင့်မျှော်လျက် F.Penny

ရှေးဦးစွာ ယနေ့အချိန်ထိ သနားခြင်း၊ ကရုဏာ မေတ္တာတော်နှင့် စောင့်ရှောက်ပြီး၊ ကျန်းမာခြင်းကို ပေးတဲ့ ထာဝရဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွန်းပါ၏။ ဟာလေလုယ။ အခုလို သက်သေပေးဖို့ အခွင့် ပေးတဲ့အတွက် ထာဝရဘုရားသခင်ရဲ့ ဘုန်းတော်သာ၍ ကြီးမြတ်ပါစေ။ ၆.၉.၂၀၀၉ ဒီနေ့ကောင်းကင်ထက်မှ မိုးတိမ်တွေ ထူထပ်လျက်၊ မှောင်မဲပြီး ပြိုတော့မည့်အတိုင်း တလိမ့်လိမ့် နဲ့ မိုးရိပ်တွေ တက်နေခဲ့ပါတယ်။ ကောင်းကင်တစ်ခုလုံး မှောင်မဲ၍ လျှပ်စီးတွေကလဲ ဒီလောက ကမ္ဘာကို မှတ်တမ်းတင် ဓါတ်ပုံရိုက်နေသည့်အလား တဖျက်ဖျက်နဲ့ လင်းလက်ပြီး မိုးချိန်းသံတွေကလည်း ``ဒုန်း ... ဒုန်း´´ နဲ့မြည်လျက် ရှိနေခဲ့ပါတယ်။ ရာသီ အကူး အပြောင်း ဖြစ်တော့မှာမို့ နှုတ်ဆက်မိုးရေ ရွာသွန်းခဲ့သည့် အလား သည်းကြီးမဲကြီး အငြိုးကြီးစွာ မိုးရွာသွန်းလျှက်ရှိခဲ့ပါတယ်။ ဒီနေ့ တနင်္ဂနွေနေ့မှာ Day Off ယူပြီး ရေလှောင်ကန်ထဲက လွှတ်လိုက်တဲ့ ငါးကလေးလို ပျော်မြူးစွာနဲ့၊ အပြင် လောကရဲ့ အလှ၊ ကောင်းကြီး ပေးအပ်တဲ့ မိုးရေတွေရဲ့ ဆော့ကစား ထိတွေ့မှုကို ခံစားရပြီး၊ ပျော်ရွှင်စွာ ဘုရားကျောင်းတက်ဖို့ ခြေလှမ်းတွေနဲ့ အိမ်မှ ထွက်ခွာလာခဲ့ပါတယ်။ ဒီနေ့ ကျောင်းနေဖက် ငယ်သူငယ်ချင်းနဲ့ တွေ့ရမှာမို့ ပိုပျော်နေခဲ့ပါတယ်။ နောက်ပြီး ညီမလေး (တစ်ဝမ်းကွဲ) နဲ့လည်း ဆုံတွေ့ရမှာဖြစ်လို့ သွက်လက်ဖျတ်လတ်တဲ့ ခြေလှမ်း တွေနဲ့ City Hall ကို လှမ်းထွက်လာခဲ့ပါတော့တယ်။ ဒီလိုနဲ့ ညီမလေးနဲ့ တွေ့ပြီး ဘုရားကျောင်းကို သွားခဲ့ပါတယ်။ သူငယ်ချင်း ကိုတော့ ဘုရားကျောင်း မရောက်ခင် ကားမှတ်တိုင်မှာ သူ့အလာကို စောင့်နေခဲ့ပါတယ်။ နောက်တော့ သူငယ်ချင်း ရောက်ရှိလာပြီး ပျော်ရွှင်စွာနဲ့ ဘုရားကျောင်းဘက်ကို ခြေဦးလှည့်ခဲ့ကြပါတော့တယ်။ အဲဒီလိုနဲ့ လမ်းကိုဖြတ်ဖို့ အချက်ပြမီးပွိုင့်ကို စောင့်နေကြတဲ့အချိန်မှာ မျှော်လင့်မထား၊ မထင်မှတ် ထားတဲ့အရာ ကြားသိခဲ့ရပါတယ်။ အချက်ပေးတဲ့ ဖုန်းသံ မြည်လာလို့ ဖွင့်ပြီး ကိုင်လိုက်ချိန်မှာ တဖက်မှ "Penny နင့်ရဲ့စိတ်ကို ထိန်းထားပါနော်၊ ဘာမှ မဖြစ်နဲ့နော်" "အေးပါ ငါဘာမှ မဖြစ်ပါဘူး ပြောပြ" "ဒါဆိုရင် နင့်ကို ပြောပြမယ် ဒီနေ့နံနက် (၅း၀၀)နာရီမှာ နင့်အဖေ ဆုံးသွားပြီး" ဆိုတဲ့ စကားသံ။ "ဟာ ...... မဖြစ်နိုင်တာ ဒါ စနောက်ရမယ့် အရာမဟုတ်ဘူး။ လောကကြီး ဘာတွေ ဖြစ်ကုန်ပြီလဲ။ ခနတုန်းက ကြားလိုက်ရတဲ့ မိုးခြိမ်းသံတွေထက်ပင် ကျယ်လောင်သလားလို့ ထင်ရပြီး နလုံးသား တစ်ခုလုံး ပဲ့ကြွေကြေမွသွားသလို ခံစားကြားသိခဲ့ရပါတယ်။ အားအင်တွေ ဆုတ်ယူခြင်း ခံလိုက်ရသလို ဘာခွန်အားမှ မရှိတော့ပဲ ခြေထောက်နဲ့ မြေကြီးမထိမိပဲ လေဟာနယ်ထဲမှာ လမ်းလျှောက် နေရသလို သတိလက်လွတ် ဖြစ်ခဲ့ရပါတယ်။ "မယုံကြည် ပါရစေနဲ့နော်။ ဒါဟာ မဖြစ်နိုင်တဲ့ ကိစ္စပဲ ... မဟုတ်ပါဘူးနော်" ဆိုပြီး သူငယ်ချင်းနဲ့ ညီမလေးကို ပြောပြရင်း မိုးရေတွေနဲ့အတူ ပါးပြင်ထက်မှ မျက်ရည်တွေ တားဆီးမရ ရောနှောစီးကျလျက် ဖြေဆည်မရစွာ ခံစားခဲ့ရပါတယ်။ ဘယ်လို ယုံကြည် ဖြေသိမ့်ရမှာလဲ မသိ၊ တုန်လှုပ်ချောက်ခြားစွာ ခိုကိုးရာမဲ့ ငိုကြွေးမိပါတယ်။ စိတ်ထဲ မှာ တစ်ခါမှ မစဉ်းစားဘူးတဲ့အရာ ဖြစ်နေကြုံတွေ့နေရတော့ နလုံးသားက ယုံကြည်ဖို့ လက်မခံနိုင် ဖြစ်ခဲ့ရပါတယ်။ စိတ်ကူးယဉ် အိမ်မက် ထဲမှာလဲ မပါဝင်ခဲ့တဲ့အတွက် ယူကျုံးမရ ရင်ထဲ တဆတ်ဆတ် နာကျင်ကွဲအက်ခဲ့ရပါတယ်။ မြန်မာပြည် ပြန်တဲ့အခါ ပျော်ရွှင် ကြည်နူးစွာ အပြုံး မျက်နှာတွေနဲ့ ခြံတံခါးဝမှာ ကြိုဆိုမဲ့ ချစ်ဖေဖေ၊ ချစ်မေမေ တို့ရဲ့ ပုံရိပ်လေးတွေကိုပဲ စိတ်ကူးယဉ်ခဲ့ဖူးတယ်။ ဒီနေ့ မတိုင်ခင် ၃.၉.၂၀၀၉ နေ့ နေ့လည် ခင်းမှာ မြန်မာပြည်ကို ဖုန်းခေါ်ပြီး အဖေနဲ့ စကားတွေ တဝကြီး ပြောဖြစ်ခဲ့ပါတယ်။ ၄.၉.၂၀၀၉ နေ့ညမှာ အမေနဲ့ စကားတွေအများကြီး ပြောဖြစ်ခဲ့ပါတယ်။ ဒီကြားထဲ (၂) ရက်ပဲ စကားမပြောဖြစ်တာ၊ (၂) ရက်အတွင်း ကြုံတွေ့ရတဲ့ ကံကြမ္မာ အလှည့်အပြောင်းက မယုံနိုင်စရာပါ။ ဒါကြောင့် ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ ဒီလူ့ရဲ့ အသက်ကို ဘယ်သူမှ ချုပ်ကိုင်ထားလို့ မရဘူး။ အရာရာဟာ ထာဝရဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲ ဆိုတာ စဉ်းစားသုံးသပ်မိခဲ့ပေမယ့် တကယ့်လက်တွေ့မှာ မကျင့်သုံးနိုင်ခဲ့ပါဘူး။ ဝိညာဉ်ခွန်အား၊ ခန္ဓာခွန်အားတွေလဲ ကုန်ခမ်းပြီး ဆုတောင်းဖို့၊ ကျမ်းစာဖတ်ဖို့လဲ သတိမရ ဖြစ်ခဲ့ရပါတယ်။ ဒီလို အဖြစ်ဆိုးကြီးကို တခြားလူတွေ ကြုံတွေ့ခဲ့မယ်ဆိုရင် ယုံကြည်နိုင်ကြပါ့မလား။ (၃) ရက်နဲ့ (၆)ရက်ကြား ကာလ ဘာမှမကြာသေးတဲ့ နေ့ရက်အချိန်လေးမှာ လောကရဲ့ အရိပ်၊ မိသားစု မောင်နှမ အားလုံးရဲ့ မှီခိုရာ၊ လောကရဲ့ လူတွေ အထင်မသေး အောင် ရှေ့မှ မားမားမတ်မတ် ရပ်တည်ပေးခဲ့တဲ့ တံတိုင်း၊ ဂမ်းနည်း အားငယ်မှုတွေနဲ့ ကြုံတွေ့ရတဲ့ အချိန်မှာ ခိုဝင်ခွင့်ရတဲ့ ရင်ခွင်၊ အေးမြတဲ့အရိပ် ပျောက်ကွယ် သွားခဲ့ရပါတယ်။ ငယ်ရွယ်စဉ်အချိန်ကနေ ယခု အရွယ်ရောက်သည်အထိ ပြုစုပျိုးထောင် ပေးခဲ့တဲ့ ဖေဖေရယ်။ ဒီလို အဖြစ်ဆိုးကြီးနဲ့ စောစီးစွာ နှုတ်ဆက်ထွက်ခွာသွား လိမ့်မယ် လို့ ထင်မထားခဲ့၊ မထင်ရက်ခဲ့ပါဘူး။ အခုတော့ ကလေးငယ် တစ်ယောက်လို "ဖေဖေ သမီး အိမ်ပြန်လာမဲ့ နေ့ရက်အချိန်ကို ကျန်းမာစွာနဲ့ စောင့်နေပါလို့ အတန်တန် မှာထားလျက်နဲ့ အခုတော့ ဘာကြောင့် မစောင့်ရတာလဲ" ဆိုပြီး အသံကုန် အော်ဟစ် လိုက်ချင်မိတယ်။ ဒါပေမယ့် ဖေဖေရယ် ကိုယ့်နိုင်ငံ၊ ကိုယ့်ဇာတိ၊ အိမ်အိပ်ယာ၊ မဟုတ်တော့ ကြိတ်မှိတ်ရင်း မျိုသိပ်ငိုရှိုက်ခဲ့ရတယ်။ အိပ်စက် အနားယူရတဲ့ အခန်းကျဉ်းလေးထဲမှာ မိသားစု ဓါတ်ပုံကိုကြည့်ပြီး အသံတိတ် ကြိတ်မှိတ် ခံစား ငိုကြွေးခဲ့ရပါတယ်။ ဂမ်းနည်းနေသူကို ပိုပြီး လွမ်းဆွေးစေတာလား မိုးရယ်။ မရွာပါနဲ့တော့ တိတ်ပါနော်။ မိုးနဲ့အပြိုင် နလုံးသားမျက်ရည် စီးကျလျက် ရှိခဲ့ပါတယ်။ ဖေဖေရယ် သမီး မခံစားပါရစေ နဲ့နော်။

(ဆာလံ ၁၁၉း၁၈ ။ ။ တရားတော်၌ အံ့ဖွယ်သော အရာတို့ကို မြင်နိုင်ပါမည် အကြောင်း အကျွန်ုပ်တို့၏ မျက်စိတို့ကို ဖွင့်တော်မူပါ။ အကျွန်ုပ်သည် မြေကြီးပေါ်မှာ ဧည့်သည် ဖြစ်ပါ၏။ ပညတ် တော်တို့ကို ပုက်ထားတော်မမူပါနှင့်။) အိမ်မက် အဖြစ်နဲ့ဘဲ ခံယူချင်ပေမယ့် လူသားတိုင်းဟာ ဒီလောကရဲ့ ဧည့်သည်ဖြစ်တာမို့ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရစမြဲပဲ။ ထို့အတူ ဖေဖေ လည်း ထာဝရ အိမ်တော်မှာ ပြန်ပြီးနားခိုခဲ့ပြီနော်။ (ဒေသနာကျမ်း ၇း၁ ။ ။ ကောင်းသော အသရေ သည် နံ့သာဆီထက်သာ၍ ကောင်း၏။ သေရသော နေ့သည်လည်း ဘွားမြင်သောနေ့ ထက် သာ၍ကောင်း၏။) လို့ သမ္မာကျမ်းစာမှာ မိန့်တော်မူထားပါတယ်။ အဲဒီလို ဖေဖေ ကတော့ အေးမြတဲ့ ထာဝရနားခိုရာ သခင့်ရင်ခွင်မှာ ခိုနားခဲ့ပြီးဖြစ်ခဲ့ပေမယ့် သမီး စိတ်ထဲမှာ မလိုချင်သေးဘူး ဖေဖေရယ်။ ဒါဟာ အိမ်မက်ဖြစ်လိုက်ပါနော်လို့ မသိစိတ်က အကြိမ်ကြိမ် ပြောနေပေမယ့် အရာအားလုံးဟာ ထာဝရဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်တာမို့ ရင်နာစွာနဲ့ပဲ မိုးရာသီ ကုန်လို့ ဆောင်းရာသီ ကူးဖို့အတွက် နှုတ်ဆက်မိုး ရွာသွန်းခဲ့သလို ပြန်လည်ဆုံဆည်းမယ့်အချိန် မရောက်ခင် အထိ နှုတ်ဆက်ခဲ့ပါတယ် အချစ်ဆုံး ဖေဖေရယ်။ ကယ်တင်ရှင် ယေရှုခရစ်တော်ရဲ့ မေတ္တာ ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ဟာလေလုယ။ ဘာကြောင့်လဲဆိုရင် ဖေဖေဟာ ဒီလောကရဲ့ ရောဂါဝေဒနာဆိုးတွေကို အချိန်ကြာမြင့်စွာ မခံစားရပဲ သွေးတိုး ရောဂါနဲ့ နာရီအနည်းငယ်သာ ရောဂါဝေဒနာခံစားရပြီး ဦးနှောက်သွေးကြော ပြတ်သွားခဲ့ရတယ်လို့ သိရှိခဲ့ရပါတယ်။ ကယ်တင်ရှင် ခရစ်တော်၏ ကျေးဇူးတော် အားဖြင့် တစ်နေ့ ပြန်လည်ဆုံဆည်းမဲ့ ထာဝရငြိမ်းချမ်းရာ ပရဒိသုဘုံမှာ စောင့်နေပါ ဖေဖေရယ်။ ထာဝရ ဘုရားသခင်ရဲ့ ရင်ခွင်မှာ ဖေဖေနဲ့ပြန်ဆုံမယ့် နေ့ရက်ကို ဆုတောင်းရင်းနဲ့ မျှော်နေလျက်ပါ။ (ရှင်လုကာခရစ်ဝင် ၂၃း၄၃။ ယေရှုကလည်း ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည်ငါနှင့်အတူ ပရဒိသုဘုံ၌လိမ့်မည်ဟု မိန့်တော်မူ၏။) အယောက်စီတိုင်း ထာဝရအိမ်တော်မှာ နားခိုပြီးဖြစ်တဲ့ ချစ်သော ဖေဖေ၊ မေမေ၊ မောင်နှမ၊ သား၊ သမီး၊ ဆွေမျိုးသားချင်း တို့နဲ့ ပရဒိသုဘုံမှာ ပျော်ရွှင်စွာ ပြန်လည်ဆုံစည်းနိုင်ဖို့ နေ့ရက်အချိန်တို့ကို စောင့်မျှော်ရင်း ဆုတောင်း ခြင်းနှင့် ဝိညာဉ်ခွန်အား ယူပြီး သခင်ဆီသို့ လျှောက်လှမ်းနိုင်ကြပါစေ။

ကျေးဇူးတော်မြတ်၌ (F.Penny (mizo))

(ဗျာဒိတ်ကျမ်း ၂၁း၄။ ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။ နောက်တဖန် သေဘေး မရှိရ၊ စိတ်မသာ ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလဲ မရှိရ၊ အကြောင်း မူကား ရှေးဖြစ်ဘူးသော အရာတို့သည် ရွှေ့သွားကြပြီ)

--------------------------------------------------------------------------------

## ခေါင်းအုံးစွပ်လေးတစ်ထည် *မင်းအောင်သက်လွင်*



နွေရာသီ ကျောင်းပိတ်ရက် တစ်ရက်မှာ ရန်ကုန်က ကလေး သာသနာပြု အဖွဲ့ဝင်တွေနဲ့ အတူ ကျွန်တော်ဟာ ကယားပြည်နယ်က နယ်မြို့လေး တစ်မြို့ဆီ ခရီးထွက် လာခဲ့ပါတယ်။ နွေရာသီ ကလေး ကျမ်း စာ သင်တန်း လုပ်ပေးဖို့ ရောက်လာခဲ့ ကြတာ ဖြစ်ပါတယ်။ မြို့ခံ တိုင်းရင်းသား တွေက ရန်ကုန်က ရောက်လာတဲ့ ကျွန်တော် တို့ မြို့ကြီးသား ကလေး သာသနာပြု ဆရာ ဆရာမတွေကို တတ်နိုင် သလောက် လိုလေသေးမရှိ ပြုစု ဧည့်ခံ ကြပါတယ်။ ဆရာ၊ ဆရာမ တွေ ညအိပ်တည်းခိုဖို့၊ နားနေဖို့၊ စားသောက် ဖို့၊ နေရာထိုင်ခင်း စားသောက် ဖွယ်ရာတွေကို လိုလေသေးမရှိ ပြင်ဆင် ထားပေးကြပါတယ်။

ရွာထဲက သင့်တော်တဲ့ အိမ်ကြီး တစ်အိမ်ပေါ်မှာ ကျွန်တော်တို့ တွေကို နေရာပေးပါတယ်။ အမျိုးသမီးတွေက အိမ်ခန်းထဲမှာ အိပ်ခွင့်ရပြီး ကျွန်တော်တို့ အမျိုးသားတွေကတော့ ဧည့်ခန်းမှာ ညအိပ်ရပါတယ်။ တောမြို့လေးက ဒေသခံ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၃ ။ ဇန္နဝါရီလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

လူတွေဟာ သူတို့မှာ ရှိတဲ့ အကောင်းဆုံး အိပ်ယာ ခေါင်းအုံး စောင် ခြင်ထောင်တွေ ထုတ်ပေး ရှာပါတယ်။ ကျွန်တော်တို့ ရန်ကုန်သားတွေကလဲ ခရီး ထွက်လာတာမို့ လေးလေးပင်ပင် မသယ်ချင် တာကြောင့် တစ်ပိုင်တစ်နိုင် စောင်တစ်ထည် လောက်စီဘဲ သယ်လာကြ ပါတယ်။ ကျန်တဲ့ အိပ်ယာ ခေါင်းအုံး ခြင်ထောင်တွေကိုတော့ ဒေသခံတွေ ပေးတာလေးတွေနဲ့ဘဲ တင်းတိမ်ရပါတယ်။

အားလုံးထဲမှာ ထူးထူးခြားခြား ကျွန်တော် အိပ်ရတဲ့ ခေါင်းအုံး လေးမှာ စွပ်ထားတာက ခေါင်းအုံးစွပ် အသစ်စက်စက်ကလေး ဖြစ်နေပါတယ်။ ခေါင်းအုံးစွပ်လေးက တစ်ခါမှ အုံးဖူးပုံ မပေါ်ဘဲ အသစ်စက်စက် ပုံစံပေါက်နေ တာမို့ ကျွန်တော် တော်တော် သဘောကျနေမိပါတယ်။ တစ်နယ် တစ်ကျေး သူတပါး အိမ်မှာ လာအိပ်တာ၊ အိပ်ယာတွေ ခြင်ထောင်တွေက အရေး မကြီးပေမဲ့ လူရဲ့ မျက်နှာနဲ့ ခေါင်းကို အုံးထားရတဲ့ ခေါင်းအုံးက သန့်ပြန့်ဖို့ အရေးကြီး တာမို့ အသန့်ကြိုက်တဲ့ ကျွန်တော့် အတွက်တော့ ခေါင်းအုံးစွပ် သန့်သန့်လေးနဲ့ အိပ်ရတာမို့ လမ်းကြမ်းကြမ်းမှာ ကား အစုတ်လေးကို တစ်နေ့နဲ့ တစ်ည အိပ်ရေးပျက် စီးလာခဲ့သမျှ ခေါင်းအုံးစွပ် သန့်သန့်ကလေးနဲ့ အိပ်ရမဲ့ အရေး တွေးပြီးတောင် ပျော်နေမိပါတယ်။

အတူ လိုက်လာတဲ့ အခြား ဆရာနှစ်ယောက်က နောက်သလို ပြောင်သလိုနဲ့ ကျွန်တော့် ခေါင်းအုံးစွပ်လေးကို မနာလိုဖြစ်ပြီး လိုချင်နေကြပါ တယ်။ လိုချင် မှာပေါ့ သူတို့ ရတဲ့ ခေါင်းအုံးစွပ်တွေက ညစ်နွမ်းနွမ်း၊ မဲတူတူ၊ သားရည် ကွက်ကြီးနဲ့အပြင် ခေါင်းအုံးစွပ် ထောင့်မှာလဲ ကြမ်းပိုးအိမ်ကို လက်နဲ့ ဖျစ်ညှစ်သတ်ထားလို့ ကြမ်းပိုး သွေးတွေ ပေနေတာကို တွေ့နေရပါ သေးတယ်။ ကျွန်တော်တို့က ရန်ကုန်ကနေ မနက်အစောကြီး ကားစီးလာပြီး လမ်းခုလတ်က မိတ္ထီလာမြို့မှာ တစ်ညအိပ်၊ နောက်နေ့မနက် အစောကြီး ကား စထွက်တော့ မွန်းလွဲပိုင်းလောက်မှာ ကယားပြည်နဲ့ ရှမ်းပြည် နယ်စပ်က တောင်ပေါ်မြို့လေးကို ရောက်လာရခြင်း ဖြစ်ပါတယ်။ ကားပေါ်က ဆင်းဆင်းချင်း နှစ်နေ့နဲ့ တစ်ညလုံး ကားမူးပြီး အိပ်ရေးပျက်ထားတဲ့ အတွက် အားလုံး ပင်ပန်းနေကြပါတယ်။ ဒီတစ်ညတော့ ကောင်းကောင်း အိပ်ရေး ဝအောင် အိပ်မယ်လို့လဲ အားခဲထားကြပါတယ်။ ညနေစောင်းမှာ ဧည့်သည် ကျွန်တော်တို့ကို ညနေစာ အုန်းထမင်း ချက်ကျွေးမယ်ဆိုပြီး ပြင်ဆင်ကြပါတယ်။ တောင်ပေါ်မှာ အုန်းသီး ရှားတဲ့ အတွက် ရန်ကုန်က ကျွန်တော်တို့ သယ်လာတဲ့ အုန်းသီးကို ကျွန်တော်တို့ စားဖို့ ပြန်ချက်ကျွေးရတာ ဖြစ်ပါတယ်။ အုန်းနို့ညှစ်ရပါတယ်။ ရလာတဲ့ အုန်းနို့ရည်နဲ့ အုန်းထမင်း ချက်ပါတယ်။ ညစာ မစားခင် ညဝတ်စည်းဝေး လုပ်ပါတယ်။ ညဝတ်စည်းဝေးမှာ ရန်ကုန်က လာတဲ့ ကျွန်တော် တို့ ဆရာ ဆရာမ ဖြယောက် အလှည့်ကျစီ သဘောပတီလုပ်၊ အထူးဆုတောင်း၊ တရားဟော၊ သက်သေခံ၊ သီချင်းဆိုရင်းနဲ့ အိမ်ရှင် ဒေသခံ ယုံကြည်သူ လူတွေကို မိတ်ဆက်ကြရပါတယ်။

ရန်ကုန်က ဧည့်သည်တွေ လာတယ် ဆိုလို့ ကလေးလူငယ်တွေ အားလုံးလဲ ညဝတ်စည်းဝေး လုပ်တဲ့ အိမ်မှာ ပြည့်လျှံလို့ နေပါတယ်။ ကျွန်တော်တို့ အဖွဲ့သားတွေကလဲ အပြောကောင်း အဆိုကောင်း၊ အတီး ကောင်း တွေမို့ ပရိတ်သတ်တော်တော် သဘောကျသွားကြပါယတ်။ ညဝတ် ပြီးတော့ မြို့ခံ သင်းအုပ်ဆရာ၊ သင်းထောက် လူကြီး လူငယ် ခေါင်းဆောင်တွေနဲ့ အတူ ကျွန်တော်တို့ အဖွဲ့တွေ ညနေက ချက်ထားတဲ့ အုန်းထမင်းကို လက်စုံစားပြီး မိတ်သဟာယ ဖွဲ့ကြပါတယ်။ ညစာပြီး တော့ ရေနွေးကြမ်းနဲ့ လက်ဘက်သုတ် စားပြီး စကားစမြည် ပြောကြပါသေးတယ်။ ကျွန်တော် ကတော့ တော်တော် လေး အိပ်ချင်နေပါပြီ။ ဟန်မပျက် လူကြည့်ကောင်းအောင် စကားဝိုင်းထဲ ထိုင်ပေး နေရပေမဲ့ ငိုက်တစ်ချက် နိုးတစ်ချက် ဖြစ်နေပါတယ်။ စကားဝိုင်း သိမ်းတော့ ညသန်းခေါင်ကျော်လို့ နောက်တစ်နေ့ ကူးတော့မှာဖြစ်ပါတယ်။ အိပ်ရမဲ့ နေရာဆီ အရောက်မှာ ညနေက ရထားတဲ့ ခေါင်းအုံးစွပ် အသစ်စက်စက်လေး အပေါ် မျက်နှာ အပ်ပြီး မှောက်အအိပ်မှာ ညနေက ရထားတဲ့ မွှေးကြိုင်တဲ့ ပရုပ်လုံးနံ့မရဘဲ။ ချဉ်စုတ်စုတ်နဲ့ ကြောင်သေးနံ့ ရလိုက်ပါတယ်။ ဖယောင်းတိုင် ထွန်းပြီး ကြည့်လိုက်တော့ ခေါင်းအုံးစွပ် အသစ်လေး အစား ညစ်ပတ်မည်းတူးနေတဲ့ ခေါင်းအုံးစွပ် အဟောင်း ကြီးကို တွေ့လိုက်ရပါတယ်။ ညနေက ကျွန်တော့်ရဲ့ ခေါင်းအုံးစွပ် အသစ် စက်စက် လေးကို ဘယ်သူများ လာလဲ သွားသလဲ ဆိုပြီး တခြား လူတွေကို လိုက် မေးတဲ့အခါ သူတို့ အားလုံး မလဲယူထားကြောင်း ပြောပြကြပါ တယ်။

ခနနေတော့ အိမ်ရှင်ကောင်မလေး ရောက်လာပြီး ခေါင်းအုံးစွပ် အသစ်လေးကို သူပြန်လဲသွားတယ်လို့ ပြောပါတယ်။ ဘာဖြစ်လို့ လဲ ဆိုတော့ ညနေက ကျွေးမဲ့ အုန်း ထမင်း အတွက် လိုအပ်တဲ့ အုန်းနို့ရည်ညှစ်ဖို့ အဝတ်သန့် သန့်မှ ရတာမို့ ခေါင်းအုံးစွပ် အသစ်လေးကို သုံးလိုက်ရကြောင်း၊ ညနေ ဝတ်ပြု စည်းဝေးမှာလဲ အလှူငွေခံဖို့ အလှူငွေအိတ် ကောင်းကောင်း မရှိတာမို့ အဲဒီ ခေါင်းအုံးစွပ်ကိုဘဲ အလှူငွေအိတ်အဖြစ် အသုံးပြုခဲ့ရကြောင်း၊ အုန်းနို့ရည်တွေ အလှူငွေတွေနဲ့ ညစ်ပေသွားတဲ့ ခေါင်းအုံးစွပ်လေးကို ညမိုးချုပ်မှ လျှော်ခဲ့ ရတာမို့ အခုဆိုရင် ရေတွေ စိုနေတာမို့ အိပ်လို့ရမှာ မဟုတ်ကြောင်း အခြောက်မြန်အောင် မီးပူ ထိုးပေးဖို့ သူတို့ ရွာမှာ လျှပ်စစ်မီးပူ မရှိကြောင်း၊ မီးသွေး မီးပူရှိပေမဲ့ မီးသွေး ကုန်နေကြောင်း၊ ရှည်လျားထွေပြားစွာ ရှင်းပြပြီးတဲ့ နောက်မှာ ကျွန်တော် တိတ်တဆိတ် တောက်ပြင်းပြင်း ခေါက်မိရုံမှတပါး အခြား နည်းလမ်း မရှိတော့ပြီ။ ဘေးနားက ဆရာနှစ်ယောက်ကလဲ ကျွန်တော့် ကို ကြည့်ပြီး တခွီးခွီး သဘောကျ နေကြပါတယ်။ ခရီးပန်းကာ မောမော နဲ့ အိပ်ချင်နေတာမို့ ကြောင်သေး စော် နံနေတဲ့ ခေါင်းအုံးစွပ်မဲမဲ၊ ခေါင်းအုံး ညစ်စုတ်စုတ်ကြီးပေါ် မသတီစွာ မျက်နှာ ထိုးအပ်ရင်း အိပ်လိုက်မိပါတော့တယ်။

ဒီတစ်ညတော့ အောင့်အီးသည်းခံပြီး နောက်နေ့ကျရင်တော့ နေပူခံလို့ ခြောက်သွားမဲ့ ခေါင်းအုံးစွပ် အသစ်လေးနဲ့ ပြန်အိပ်ခွင့်ရမှာဘဲလို့ ရသေ့စိတ်ဖြေ တွေးခဲ့မိပေမဲ့၊ ကောင်မလေးက ဒီသင်တန်း တလျှောက် ညနေစာတိုင်း ရွာသားတွေ စားချင်နေတဲ့ အုန်းထမင်းကို ဆက်တိုက်ကျွေးမှာ ဖြစ်လို့ ညနေတိုင်း ခေါင်းအုံးစွပ် အသစ်လေးနဲ့ အုန်းနို့ ညှစ်ရမှာ ဖြစ်ကြောင်း၊ ဧည့်သည်တွေ ရှိနေသေးတဲ့ အတွက်လဲ လူအမြင်ကောင်းအောင် ညတိုင်း ဒီတစ်ရွာထဲမှာ တစ်လုံးတည်း ရှိတဲ့ ခေါင်းအုံးစွပ် အသစ်စက်စက် လေးကို အလှူငွေအိတ် အဖြစ် အသုံးပြုဖို့ သင်းအုပ်ဆရာ ကိုယ်တိုင် အမိန့် ပေးသွားကြောင်း ပြောပြပြီးတဲ့ နောက်မှာတော့ ဒီခေါင်းအုံးစွပ် အသစ်လေးကို ကျွန်တော့အတွက် မပေးနိုင်တော့ကြောင်း တိုးလျှိုး တောင်းပန်နေတဲ့ ကောင်မလေးရဲ့ မျက်နှာကို မမိုတ်မသုန် စိုက်ကြည့်ရင်း ကျွန်တော် ဘာများ တတ်နိုင်အုံးမှာလဲ။

သြော် – တောရွာမှာက ဥစ္စာပစ္စည်း ရှားပါးတာကြောင့် အုန်းသီး ညှစ်ရင် ခေါင်းအုံးစွပ်သန့်သန့်နဲ့ ညှစ်ကြ၊ အလှူငွေကို သာမန်အားဖြင့် အဆင်ပြေသလို စကောဇလုံတွေနဲ့ ကောက်လေ့ရှိပေမဲ့ မြို့က ဧည့်သည်တွေ ရှိခိုက် လူအမြင်ကောင်းအောင် ခေါင်းအုံးစွပ် သန့်သန့်လေးကို သုံးတတ်တာ ကို တွေးရင်း အဲဒီညက ကြောင်သေးနံ့တွေ သင်းပျံ့နေတဲ့ ခေါင်းအုံး စွပ် စုတ်စုတ်ထဲ မျက်နှာအပ်ရင်း အိပ်စက်ရုံမှ တပါး အခြားမရှိတော့ပြီ။ သုတ္တံ ၂၆း၁၄၊ တံခါးသည် စရွေ့၌ လည်သကဲ့သို့ ပျင်းရိသောသူသည် အိပ်ရာပေါ်မှာ လည်တတ်၏။ ဇေဝေလိ သတင်းစကားကို နယ်တကာ လှည့်ဟောပြောဖို့ ရောက်လာပေမဲ့ ဇိမ်ခံချင်နေတဲ့ ကျွန်တော့်ကို ဘုရားသခင်က ဆုံးမ ပညာပေးတာကို ကောင်းကောင်း ခံလိုက်ရပါတယ်။ ။ **မင်းအောင်သက်လွင်**

---

## အသစ်စက်စက် ( မင်းအောင်သက်လွင် )

**" ကျွန်မတို့ အသင်းတော်ရဲ့ ပစ္စည်းဟောင်း လေလံတင် ရောင်း ချပွဲမှာ တခြား တူရိယာ ပစ္စည်း တွေက လူတကာသုံးထားလို့ ဖွတ်ဖွတ်ကြေ ပျက်ဆီး နေပေမဲ့ အသင်းတော်မှာ ဘယ်သူမှ မသုံးရသေးဘဲ အသစ်စက်စက် ရှိနေသေးတဲ့ တစ်ခုတည်းသော ပစ္စည်းကတော့ ဟောဒီ ကျမ်းစာအုပ်ဘဲ ဖြစ်ပါတယ် ရှင်" "ဟိုက် -"**




မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ဖတ်ရှုနိုင်ပါသည် ))

**မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်**



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၁၃ ။ ဇန္နဝါရီလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွက် အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။